ကြေးမုံ
The Mirror
Established in 1957

၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ စနေနေ့ (1-6-2013) (၇၄၉၈)


# အာဆီယံနိုင်ငံတပ်မတော်များအချင်းချင်း ချစ်ခင်ရင်းနှီးမှုပိုမိုရရှိစေရန် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာဆွေးနွေး

နေပြည်တော် မေ ၃၁

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား 2nd Myanmar - Thai Senior Staff Talk အစည်းအဝေးသို့ တက်ရောက်ရန် ရောက်ရှိနေသည့် ထိုင်းဘုရင့်တပ်မတော်မှ Lieutenant General Tarnchaiyan Srisuwan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လာရောက်တွေ့ဆုံနှုတ်ဆက်သည်။

ထိုသို့တွေ့ဆုံရာတွင် မြန်မာ-ထိုင်း နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ချစ်ခင်ရင်းနှီးမှုအား မျိုးဆက်သစ်ခေါင်းဆောင်များ တာဝန်ယူချိန်တွင် ခိုင်မာသည်ထက် ခိုင်မာအောင် ပူးပေါင်းဆောင်ရွက်ရေး၊ နှစ်နိုင်ငံအစိုးရ တပ်မတော်၊ ပြည်သူများအကြား ဆက်ဆံရေးတိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ရေး၊ မြန်မာ-ထိုင်း အဆင့်မြင့်တပ်မတော်အရာရှိကြီးများ အစည်းအဝေးကျင်းပပြုလုပ်နိုင်ရေး၊ အာဆီယံနိုင်ငံ တပ်မတော်များအချင်းချင်း ချစ်ခင်ရင်းနှီးမှုပိုမိုရရှိစေရန်အတွက် အားကစားပြိုင်ပွဲများ ကျင်းပနိုင်ရေးကိစ္စရပ်များအား ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ တပ်မတော်အရာရှိကြီးများ၊ ထိုင်းဘုရင့်တပ်မတော်မှ တပ်မတော်အရာရှိကြီးများ၊ ထိုင်းစစ်သံမှူး(ကြည်း) Senior Colonel Prachern Chaiyakit တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား ထိုင်းဘုရင့်တပ်မတော်မှ Lieutenant General Tarnchaiyan Srisuwan ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ နေပြည်တော်ရှိ ဇေယျာသီရိဗိမာန်၌ လာရောက်တွေ့ဆုံစဉ်။

(သတင်းစဉ်)

## ယနေ့ မာတိကာ


လူ့ခေါင်းထဲမှ ခဲတံ ဂျာမန်ဆရာဝန်များ ခွဲထုတ် — စာမျက်နှာ ← ၄
အားပျော့မျက်ပြယ်ချိန် တန်ပြီဖြစ်သော ဒေါ်လာမုန်တိုင်း — စာမျက်နှာ ← ၆
မားစ်ဂြိုဟ်တွင် မြစ်များစီးဆင်းခဲ့ဟု သိပ္ပံပညာရှင်များ ဆို — စာမျက်နှာ ← ၅
မန္တလေး – ရန်ကုန် ခရီးစဉ် ငွေကျပ် ၃၅၀၀၀ ဖြင့် မြန်မာ့လေကြောင်းမှပြေးဆွဲ — စာမျက်နှာ ← ၆


# နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသော စက်မှုလယ်ယာဦးစီးဌာန ကျွမ်းကျင်လုပ်သားများ

**သတင်းဆောင်းပါးနှင့်ဓာတ်ပုံ–ရာမညသွေးမွန်**

မိမိတို့အစိုးရလက်ထက်တွင် ခိုင်မာသော အုတ်မြစ်ချဆောင်ရွက်ပေးနိုင်ရေးအတွက် လယ်ယာကဏ္ဍ ပြုပြင်ပြောင်းလဲရေးမူဝါဒ(၅)ရပ်အပေါ်တွင် ဆည်ရေသောက်စနစ်များ ခိုင်မာစွာတည်ဆောက်ပြီး နေပြည်တော်ကောင်စီနယ်မြေကိုဗဟိုပြုကာ အကောင်အထည်ဖော်ဆောင်ရွက်နေသည်။ လုပ်ငန်းများကို အစ၊အလယ်၊ အဆုံး မြေပြုပြင်သည်မှ စိုက်ပျိုးချိန်၊ ရိတ်သိမ်းချိန်၊ ဈေးကွက်တင်ပို့ချိန် အဆင့်ဆင့်ကို ထိထိရောက်ရောက် လက်တွေ့ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ စက်မှုလယ်ယာမြေစနစ်ကူးပြောင်းရာတွင် ပုဂ္ဂလိကအခန်းကဏ္ဍမှ ခေတ်မီစက်ကိရိယာများ အလုံအလောက် စုဖွဲ့ရောက်ရှိပြီးဖြစ်သည့်နည်းတူ စက်မှုလယ်ယာဦးစီးဌာနကလည်း ကျေးရွာများမှ အလယ်အလတ် ပညာတတ်လူငယ်များကို စက်မှုလယ်ယာသင်တန်းများ ဖွင့်လှစ်ပြီး ကျွမ်းကျင်လုပ်သားများ မွေးထုတ်ပေးနိုင်ပြီး ဖြစ်ကြောင်း ခေတ်မီစက်များနှင့် ကျွမ်းကျင်လုပ်သားများအနေဖြင့် တောင်သူများကိုဗဟိုပြု၍ မိမိကျေးရွာအသီးသီး ဖွံ့ဖြိုးတိုးတက်ကြီးပွားလိုသောစိတ်ဖြင့် နိုးကြားစွာပါဝင်လာအောင် ဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်လှိုင် မေ ၁၈ ရက်က နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် ကျွန်းတက်ပဲ့ အဆင့်မြင့်စက်မှုလယ်ယာဧက (၃၀၀၀) ပုလဲသွယ်စပ်မျိုးစပါး ရိတ်သိမ်းခြွေလှေ့ပွဲတွင် ဒေသခံတောင်သူများအား လယ်ယာသုံးစက်ယန္တရားများ၏ အရေးပါမှုကို အကျယ်တဝင့် ရှင်းလင်းပြောကြားသွားသည်။

သိရှိကြသည်အတိုင်း မိမိတို့သည် ကမ္ဘာ့လူသားအားလုံးအတွက် မရှိမဖြစ်လိုအပ်ပြီး တဖြည်းဖြည်းလောက်ငမှုလျော့ပါးလာနေသော အရာနှစ်ခုမှာ စွမ်းအင်နှင့် အစားအစာဖြစ်သည်။ ထို့ကြောင့်လည်း အနာဂတ်အတွက် Food Security သည် ကမ္ဘာ့နိုင်ငံများအတွက် စိန်ခေါ်မှု(Challenge)တစ်ရပ်အဖြစ် လက်ခံထားကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳







**ကြေးမုံစာတည်းရှုထောင့်** **၁-၆-၂၀၁၃၊ စနေနေ့**

# အလေးထားရမည့် မြန်မာစာ

ပညာရေးဝန်ကြီးဌာန မြန်မာစာအဖွဲ့ဦးစီးဌာနက ထုတ်ဝေခဲ့သည့် "မြန်မာစာ စာလုံးပေါင်းသတ်ပုံကျမ်းနှင့် ခွဲထား"စာအုပ်မှာ ယခုအခါ ရှာဖွေ၍ မရလောက်အောင် ရှားပါးနေပြီဖြစ်သည်။ ထိုစာအုပ်သည် မြန်မာစာနှင့်ပတ်သက်၍ ရေးသားကြရာတွင် အားကိုးလောက်သည့် ရေးထုံးမှန်သော စာအုပ်တစ်အုပ်ဖြစ်သည်။

တစ်နည်းဆိုသော် မြန်မာစာရေးသားရာ၌ စာလုံးပေါင်းမှန်ကန်ရေးအတွက် လိုက်နာကျင့်သုံးရမည့် "စံ"ကျမ်းကိုးစာအုပ်ဖြစ်သည်။ မြန်မာစာအရေးအသား စာလုံးပေါင်း မှားယွင်းမှုမရှိရလေအောင် အမှန်ကို ထောက်ပြ လမ်းညွှန်ပေးသည့် စာအုပ်ကောင်းတစ်အုပ်ဖြစ်သည်။ မြန်မာစာကို ရေးသားပြောဆိုဖတ်ရှုနေကြသော လူတိုင်း၊ အိမ်တိုင်း၊ ဌာနတိုင်း ဆောင်ထားသင့်သည့် စာအုပ်တစ်အုပ်ဖြစ်သည်ဟု ဆိုချင်ပါသည်။

မြန်မာစာအရေးအသားနှင့်ပတ်သက်၍ ယခုအခါ စာအုပ်စာစောင်များနှင့် နေရာအချို့တွင် စာလုံးပေါင်းသတ်ပုံ အမှားအယွင်းများ ပါရှိနေသည်ကို တွေ့မြင်နေရပါသည်။ ကျွန်ုပ်တို့ကိုယ်တိုင်ပင် မြန်မာစာလုံးပေါင်းနှင့်ပတ်သက်၍ အမှားမကင်းတတ်သဖြင့် အဆိုပါစာလုံးပေါင်းသတ်ပုံကျမ်းကို လက်စွဲပြု လေ့လာနေရဆဲဖြစ်သည်။

သတင်းစာစာမျက်နှာများပေါ်တွင်ပင် မြန်မာစာလုံးပေါင်းသတ်ပုံအချို့ မှားယွင်းပါရှိတတ်သည်ကို တွေ့ရလေ့ရှိရာ အလေးထားသတိပြု ဆောင်ရွက်ကြရမည်ဖြစ်သည်။ ဥပမာအားဖြင့် "ထုပ်ပိုးကုန်ပစ္စည်း"နှင့် "မိုဘိုင်းဖုန်းငွေဖြည့်ကတ်"ကို "ထုတ်ပိုး"နှင့် "ကဒ်"ဟူ၍ လွယ်လွယ်ကူကူ မှားယွင်းရေးနေကြသည်ကို တွေ့မြင်နေရပါသည်။

အထူးသဖြင့် ပြင်ပတွင် ယနေ့တွင်ကျယ်ခေတ်စားနေသော "ငွေဖြည့်ကတ်"ကို "ငွေဖြည့်ကဒ်"ဟူ၍ ဆိုင်အများစု၊ နေရာအများစုတွင် ရေးသားသုံးစွဲလာကြသည်ကို တွေ့နေရသဖြင့် အမှားကို အမှားမှန်းသိရှိနိုင်ရန်အတွက် စာလုံးပေါင်းသတ်ပုံကျမ်းကို လက်ကိုင်ထားသင့်သည်။

ယင်းသို့သော အမှားမျိုးကို ပြင်ဆင်နိုင်ရန်အတွက် ကျွန်ုပ်တို့အားလုံးက ဝိုင်းဝန်းအသိပေး ပြုပြင်ဆောင်ရွက်ပေးကြရမည်ဖြစ်သည်။ စာလုံးပေါင်းအမှားတစ်ခုကို ယခုကတည်းက အသိဖြင့် မပြင်ဆင်နိုင်ပါက ကာလကြာလျှင် ယင်းကိုပင် အမှန်ဟုထင်မြင်သုံးစွဲသွားနိုင်ပေသည်။ အထူးသဖြင့် ကျောင်းသားလူငယ်များ အမှန်ထင် အရေးမှားမိဖို့ လိုအပ်ပေသည်။

မြန်မာစာ၊ မြန်မာစကားကို သမိုင်းအစဉ်အလာကြီးမားစွာဖြင့် ပညာရှိတို့က ဝိုင်းဝန်းပြုစုပေးထားခဲ့ခြင်းဖြစ်သည်။ ပညာရှိတို့ ပြုစုထားသော ထိုမြန်မာစာ၊ မြန်မာစကားတို့ကို ဆက်လက်ထိန်းသိမ်းကြရမည်မှာ အသုံးပြုကြသူများ၏ တာဝန်ဖြစ်သည်။

မြန်မာစာ၊ မြန်မာစကားကို ချစ်မြတ်နိုးမှသာ ကျွန်ုပ်တို့မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးတို့၏သမိုင်း အဓွန့်ရှည်တည်တံ့ခိုင်မြဲမည်ဖြစ်သည်။ မြန်မာစာ၊ မြန်မာစကားသည် အနက်အဓိပ္ပာယ်ကျယ်ဝန်းလှသည်။ မြန်မာစာ ရေးထုံးမမှန်ပါက အနက်အဓိပ္ပာယ်ပျက်ယွင်းသွားနိုင်သဖြင့် မြန်မာစာ အရေး အသားကို အလေးထားကြရမည်ဖြစ်သည်။

မြန်မာမှု၊ မြန်မာဟန်၊ မြန်မာအရေးအသားများသည် ရှေးပုဂံခေတ်ကတည်းကပေါ် ထွန်းခဲ့ပြီး ခေတ်အဆက်ဆက် မြန်မာပညာရှိတို့က တစ်မူတည်း၊ တစ်ဟန်တည်းဖြစ်အောင် ကျမ်းတစ်စောင်၊ ပေတစ်ဆူအဖြစ် ပြဋ္ဌာန်းသတ်မှတ်၍ ရေးထုံးအမှန်အဖြစ် လမ်းမှန်ညွှန်ပြပေးခဲ့ကြသည်။

ထို့ကြောင့် မြန်မာစာအရေးအသားများ မှားယွင်းနေပါက မြန်မာစာရေးထုံးကျမ်းကို လက်ကိုင်ပြုကာ အမှန်ရေးသားကြဖို့ဖြစ်သည်။ လွယ်လွယ်ရေးသားမိ၍ အမှားကြာရှည်ပါက အမှန်ဖြစ်နိုင်သည်ကို သတိပြုကြရမည်ဖြစ်သည်။ မြန်မာစာစာလုံးပေါင်း သတ်ပုံအမှန်များ မြန်မာမှုနယ်ပယ်တွင် အရှည်တည်တံ့မှသာ မြန်မာစာပေမြင့်မားတိုးတက်မည်ဖြစ်ရာ ရေးထုံးရေးဟန်များကို သတိပြု လိုက်နာရေးသားကြဖို့ တိုက်တွန်းအပ်ပါသည်။ ။

## ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့

**နေပြည်တော် မေ ၃၁**

အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင့်ဆန်းသည် ယမန်နေ့နံနက် ၁၀ နာရီခွဲက ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ဝန်ထမ်းများအားတွေ့ဆုံစဉ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် ဝန်ထမ်းသားသမီးများအား ပညာသင်စရိတ်ထောက်ပံ့ပေးအပ်ခဲ့သည်။

(၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးနှင့် မြန်မာနိုင်ငံအနေဖြင့် အားကစားနည်းအလိုက် ရွှေတံဆိပ်ဆွတ်ခူးရရှိနိုင်ရေးအတွက် အားလုံးဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြစေလိုကြောင်း၊ ဝန်ထမ်းသားသမီးများ၏ ပညာသင်စရိတ်ကို ပညာဆုံးခန်းတိုင်သည်အထိ ထောက်ပံ့ပေးသွားမည်ဖြစ်ကြောင်းဖြင့် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြားရာတွင် ထည့်သွင်းပြောကြားခဲ့သည်။

အားကစားဝန်ကြီးဌာန၏ ယခုနှစ်ပညာသင်စရိတ်ထောက်ပံ့ကြေးငွေများမှာ မူလတန်းအဆင့် ငွေကျပ် ၇၅၀၀၊ အလယ်တန်းအဆင့် ငွေကျပ်၁၀၀၀၀၊ အထက်တန်းအဆင့်ငွေကျပ် ၁၂၅၀၀၊ တက္ကသိုလ်အဆင့် ငွေကျပ် ၁၇၅၀၀ တို့ဖြစ်ပြီး ဆေးတက္ကသိုလ် တက်ရောက်နေကြသော ကျောင်းသား ကျောင်းသူ ရှစ်ဦးအား တစ်လလျှင် ငွေကျပ် သုံးသောင်းနှုန်းဖြင့်ဘွဲ့ရသည်အထိ ထောက်ပံ့ပေးမည်ဖြစ်ကြောင်းနှင့် ယခုအခမ်းအနားတွင် စုစုပေါင်းထောက်ပံ့ငွေကျပ် ၁၆၆၃၀၇၀၅ ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**




## ပညာသိဒ္ဓိရပ်ကွက် ကလေးငယ်များအတွက် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်

**နေပြည်တော် မေ ၃၁**

နေပြည်တော်ကောင်စီနယ်မြေ ပညာသိဒ္ဓိရပ်ကွက်ရှိ ဝန်ထမ်းမိသားစု၏ ကလေးငယ်များအတွက် ပထမအကြိမ် ယဉ်ကျေးလိမ္မာသင်တန်းဖွင့်ပွဲကို မေ ၂၈ ရက် ည ၇ နာရီတွင် ပညာသိဒ္ဓိရပ်ကွက် ဓမ္မာရုံ၌ ကျင်းပသည်။ အဆိုပါ ယဉ်ကျေးလိမ္မာသင်တန်းကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပဋ္ဌာနိကာယ ကျောင်းတိုက်မှ အရှင်ဝိလာသ (သာသနဓဇ ဓမ္မာစရိယ)Abhidhamma Dhara (IIA)က ဇွန် ၂ ရက်အထိ နေ့စဉ်မွန်းလွဲ ၁ နာရီ မှ ညနေ ၆ နာရီအထိ သင်ကြားပို့ချပေးသွားမည်ဖြစ်ရာ သင်တန်းသားတစ်ဦး၏ဖခင် ဝန်ထမ်းတစ်ဦးက "ကျွန်တော်တို့ရပ်ကွက်မှာ လိုအပ်နေတဲ့ အဆင်တန်ဆာဖြစ်တဲ့ ဓမ္မာရုံကြီးကို နေပြည်တော်စည်ပင်သာယာရေးကော်မတီက တည်ဆောက်ပေးခဲ့တဲ့အတွက် အရမ်းကို ဝမ်းသာတယ်။ ကျွန်တော်တို့ က ဝန်ထမ်းတွေဖြစ်တဲ့အတွက် အလုပ်ကိစ္စ၊ မိသားစုကိစ္စတွေနဲ့ပဲ အချိန်ကုန်နေလို့ ဘာသာ၊သာသနာဘက်ကို သိပ်မလှည့်နိုင်ဘူး။ နောက်ပြီး ဘုန်းတော်ကြီးကျောင်းဆိုတာက လည်း ရပ်ကွက်နဲ့နီးနီးမှာမရှိတော့ တော်ရုံနဲ့ မရောက်ဖြစ်ဘူး။ အခုဒီဓမ္မာရုံကြီးဖွင့်လိုက်တော့ အိမ်နဲ့နီးနီးလေးဖြစ်လို့ ဓမ္မာရုံကို အမှီပြုပြီး ဘာသာ၊ သာသနာကိစ္စတွေလုပ်နိုင်တော့မယ်။ အခုလို ကလေးငယ်တွေအတွက် ယဉ်ကျေးလိမ္မာသင်တန်းမျိုးတွေ ဖွင့်လှစ်တာတို့၊ ဝါတွင်းဝါပ တရားပွဲတွေ၊ အခါကြီးရက်ကြီးတွေမှာ သီလပေးတရားပွဲတွေကို ကျင်းပနိုင်အောင် ဓမ္မာရုံကြီးကြပ်ရေးအဖွဲ့က ကြိုးစားစီမံဆောင်ရွက်ပေးနေလို့လည်း ဝမ်းသာကျေနပ်မိပါတယ်" ဟု ဖွင့်ဟပြောကြားသည်။

နေပြည်တော်စည်ပင်သာယာရေးကော်မတီအနေဖြင့် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများတွင် ဓမ္မာရုံ ၁၇ လုံးကို တည်ဆောက်ပေးလျက်ရှိရာ ပညာသိဒ္ဓိရပ်ကွက်ရှိ ဓမ္မာရုံကြီးကို ဧပြီ ၂၈ ရက်က လှူဒါန်းဖွင့်လှစ်ပေးခဲ့ပြီး အလျား ပေ ၇၀၊ အနံ ပေ ၃၀ တစ်ထပ်အဆောက်အအုံဖြစ်ကြောင်း သိရသည်။ **(ဦးခရေ)**

**စာအုပ်စာပေ လှူမိတ်ဆွေ**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် မေ ၃၁**

| | |
|---|---|
| ရန်ကုန် | ရွှေဈေး ၇၁၀၅၀၀-၇၁၁၅၀၀ |
| မန္တလေး | ရွှေဈေး ၇၁၀၅၀၀-၇၁၁၅၀၀ |

**စက်သုံးဆီဈေးနှုန်း**

| | | | | |
|---|---|---|---|---|
| (က) | ဒီဇယ် | တစ်ဂါလန် | ၃၄၄၀ | ကျပ် |
| (ခ) | အောက်တိန်း၉၅ | တစ်ဂါလန် | ၄၂၈၀ | ကျပ် |
| (ဂ) | အောက်တိန်း၉၂ | တစ်ဂါလန် | ၃၄၄၀ | ကျပ် |
| (ဃ) | ဓာတ်ဆီ | တစ်ဂါလန် | ၃၂၅၆ | ကျပ် |

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | |
|---|---|---|---|---|
| (က) | အမေရိကန် | တစ်ဒေါ်လာ | = | ၉၄၅. ၀၀ |
| (ခ) | ဥရောပ | တစ်ယူရို | = | ၁၂၃၂. ၆ |
| (ဂ) | တရုတ် | တစ်ယွမ် | = | ၁၅၄. ၁၄ |
| (ဃ) | ထိုင်း | တစ်ဘတ် | = | ၃၁. ၃၆၉ |
| (င) | မလေးရှား | တစ်ရင်းဂစ် | = | ၃၀၈. ၀၂ |
| (စ) | အိန္ဒိယ | တစ်ရူပီး | = | ၁၆. ၇၈၈ |
| (ဆ) | ဂျပန် | တစ်ရာယန်း | = | ၉၃၅. ၅၅ |
| (ဇ) | တောင်ကိုရီးယား | တစ်ရာဝမ် | = | ၈၄. ၀၅၆ |
| (ဈ) | ဩစတြေးလျ | တစ်ဒေါ်လာ | = | ၉၁၄. ၂၄ |
| (ည) | စင်ကာပူ | တစ်ဒေါ်လာ | = | ၇၅၁. ၁၃ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ် သတ်မှတ် ရည်ညွှန်းနှုန်း






## မြဝတီရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

**၁-၆-၂၀၁၃ (စနေနေ့)**

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၈း၁၀ | ဇာတ်လမ်းတို |
| ၈း၃၀ | Shopping အစီအစဉ်များ |
| ၁း၅၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ဒဏ်ရာများနဲ့ချစ်သူ (အပိုင်း-၅၁) |
| ၄း၃၅ | ချစ်သူစုံတွဲတူယှဉ်နွဲ |
| ၄း၅၅ | ကျန်းမာသုတ |
| ၆း၃၀ | ထူးခြားဆန်းပြားကမ္ဘာတစ်လွှား |
| ၇း၅၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း -ရွှေရောင်လွှမ်းမယ့်တို့မနက်ဖြန် (အပိုင်း-၃၇) |
| | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း "*Bird Song*" (အပိုင်း-၁) |

# အာရှ – ပစိဖိတ်လုံခြုံရေးညီလာခံတက်ရောက်ရန် အမေရိကန်ကာကွယ်ရေးဝန်ကြီး စင်ကာပူသို့ရောက်

စင်ကာပူ မေ ၃၁

အမေရိကန်ကာကွယ်ရေးဝန်ကြီး ချတ်ဟေဂဲလ်သည် စင်ကာပူ၌ ကျင်းပမည့် အာရှ-ပစိဖိတ်ဒေသဆိုင်ရာ လုံခြုံရေးညီလာခံသို့ တက်ရောက်ရန် မေ ၃၁ ရက်တွင် ယင်းနိုင်ငံသို့ရောက်ရှိလာသည်။ အမေရိကန်ကာကွယ်ရေးဝန်ကြီးသည် အဆိုပါညီလာခံတွင် တရုတ်နိုင်ငံ၏ ဆိုင်ဘာတိုက်ခိုက်မှုများနှင့်ပတ်သက်၍ ထုတ်ဖော်ပြောကြားမည်ဟု မျှော်လင့်ရပြီး ပစိဖိတ်ဒေသသို့ ဝါရှင်တန်၏အမေရိကန်မဟာဗျူဟာအရွေ့ကို ထပ်မံအတည်ပြုဖွယ်လည်းရှိမည်။



အမေရိကန်ကာကွယ်ရေးဆိုင်ရာ ထိပ်တန်းကန်ထရိုက်လုပ်ငန်းများနှင့် အမေရိကန် အစိုးရအေဂျင်စီများအပေါ် တရုတ်နိုင်ငံက သူလျှိုလုပ်မှုများကို သက်သေအထောက်အထားများနှင့်အတူ တွေ့ရပြီး တရုတ်နိုင်ငံ၏ ဆိုင်ဘာခြိမ်းခြောက်မှုများ သက်သာလျော့ပါးစေရေးအတွက် စည်းမျဉ်းစည်းကမ်းများကိုလိုက်နာရန် အမေရိကန်ကာကွယ်ရေးဝန်ကြီးက တိုက်တွန်းသွားဖွယ်ရှိကြောင်း သတင်းတွင် ဖော်ပြသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီး၏ လေးရက်ကြာ စင်ကာပူခရီးစဉ်အတွင်း အာရှနိုင်ငံများမှ ကာကွယ်ရေးဝန်ကြီးများနှင့် တွေ့ဆုံမည်ဟု မျှော်လင့်ရသော်လည်း တရုတ်နိုင်ငံနှင့်မူ ထိပ်တန်းအဆင့်တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်လိမ့်မည်မဟုတ်ကြောင်း သတင်းတွင် ဖော်ပြသည်။

အမေရိကန်ကာကွယ်ရေးဝန်ကြီးသည် အခွင့်အခါသင့်ပါက တရုတ်စစ်ဘက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ဆွေးနွေးပွဲ၏ ပြင်ပတွင် တွေ့ဆုံဆွေးနွေးဖွယ်ရှိကြောင်း ပင်တဂွန်တာဝန်ရှိသူများက ပြောကြားသည်။**အေအက်ဖ်ပီ။**



အမေရိကန် အမိမြေလုံခြုံရေးဌာနမှဝန်ထမ်းများ ဆိုင်ဘာလုံခြုံရေးလုပ်ငန်း ဆောင်ရွက်လျက်ရှိကြစဉ်။

# လူ့ခေါင်းထဲမှခဲတံ ဂျာမန်ဆရာဝန်များ ခွဲထုတ်

ဘာလင် မေ ၃၁

ခေါင်းကိုက်ဝေဒနာ၊ နှာရည်ယိုခြင်းနှင့် အမြင်ဝေဝါးနေခြင်းတို့ နှစ်ပေါင်းများစွာ ခံစားနေရသည့် အာဖဂန်တစ်ဦး၏ခေါင်းတွင် ၁၀စင်တီမီတာ(လေးလက်မ)ရှည်သော ခဲတံတစ်ချောင်း စိုက်ဝင်နေသည်ကို တွေ့ရကြောင်း ဂျာမန် ဆရာဝန်များက မေ ၂၉ရက်တွင် ပြောကြားသည်။

အာချင်တက္ကသိုလ်မှ ခွဲစိတ်ဆရာဝန်များက ယင်းခဲတံကို ခွဲစိတ်ထုတ်ပေးခဲ့ရာ ထိုအသက် ၂၄နှစ်ရှိ အာဖဂန်မှာ ပြန်လည်ကောင်းမွန်လာခဲ့သည်ဟုဆိုသည်။

ထိုခဲတံကြောင့် နှာခေါင်းပိတ်ခြင်းနှင့် ညာဘက်မျက်လုံးအိမ်မကောင်းခြင်းတို့ ဖြစ်စေခဲ့သည်။

မည်သည့်အကြောင်းကြောင့် ခေါင်းထဲသို့ ခဲတံရောက်ရပါသလဲဟု မေးမြန်းရာ ၎င်းငယ်စဉ်က လဲကျပြီး နှာခေါင်းသွေးယိုခဲ့ပါသည်ဟု ပြန်ပြောသည်။

**တင်ပြ**

ထိုလူနာနှင့်ဖြစ်စဉ်နှင့် ကုသပုံကို အာချင်တက္ကသိုလ်မှ ပါမောက္ခတစ်ဦးက အက်ဆင်ဆေးပညာညီလာခံ၌ တင်ပြခဲ့ခြင်းဖြစ်သည်။

ပုံရိပ်စကင်နည်းပညာဖြစ်သော ကွန်ပျူတာဖိုတိုဂရပ်ဖီကိုအသုံးပြု၍ အသေးစိတ် ဆေးစစ်ချက်ယူရာမှ ခဲတံကို တွေ့ရှိရခြင်းဖြစ်ကြောင်း ဂျာမန်မီဒီယာများက ဖော်ပြသည်။

**ဘီဘီစီ။**



ဦးခေါင်းထဲမှ ခဲတံကို ထုတ်ယူနိုင်ရန် ဂျာမန်ဆရာဝန်များ ခွဲစိတ်ကုသပေးစဉ်။

# နိုင်ဂျီးရီးယားတွင် အနောက်အုပ်စုနှင့် အစ္စရေးပစ်မှတ်များတိုက်မည့် ဟစ်ဇ်ဘိုလာအကြမ်းဖက်ကွန်ရက်ကို ဖမ်းဆီးရမိ

ကိုနာ(နိုင်ဂျီးရီးယား) မေ ၃၁

အနောက်အာဖရိကရှိအနောက်နိုင်ငံများနှင့် အစ္စရေးပစ်မှတ်များကို တိုက်ခိုက်ရန် ကြံစည်လျက်ရှိသော ဟစ်ဇ်ဘိုလာ အကြမ်းဖက်ကွန်ရက်ကို နိုင်ဂျီးရီးယား လုံခြုံရေးတပ်ဖွဲ့များက ဖော်ထုတ်ဖမ်းဆီးနိုင်ခဲ့ကြောင်း အစ္စရေးအကြမ်းဖက် တိုက်ဖျက်ရေးဗျူရိုက ကြာသပတေးနေ့ညနေပိုင်းတွင် ပြောကြားခဲ့သည်။

အကြမ်းဖက်တိုက်ဖျက်ရေးတာဝန်ရှိသူများ အဆိုအရ မသင်္ကာဖွယ်ရာနေအိမ်များကို ဝင်ရောက်စီးနင်းရာတွင် ဝှက်ထားသည့် လက်နက်အမြောက်အမြားကို တွေ့ရှိခဲ့ခြင်းဖြစ်သည်။ အဆိုပါကွန်ရက်သည် နိုင်ဂျီးရီးယား၌ လှုပ်ရှားနေသည်မှာ နှစ်အနည်းငယ် ကြာမြင့်ခဲ့ပြီး အနောက်အုပ်စုနှင့်အစ္စရေးပစ်မှတ်များကို အများအပြားတိုက်ခိုက်ရန် စီစဉ်လျက်ရှိကြောင်း စုံစမ်းစစ်ဆေးရာမှ တွေ့ရှိရသည်။

ကမ္ဘာတစ်ဝန်းလုံးရှိ အစ္စရေးပစ်မှတ်များကို တိုက်ခိုက်ရန် ရှီးယိုက်အကြမ်းဖက်အဖွဲ့များ၏ လှုပ်ရှားမှုများတွင် ဤကွန်ရက်သည်လည်းပါဝင်သည်။ အခြားအာဖရိကနိုင်ငံများ၌လည်း ဤကွန်ရက်လှုပ်ရှားမှုရှိသည်ဟူသော သတင်းများကို လက်ရှိစုံစမ်းစစ်ဆေးလျက်ရှိသည်ဟု တာဝန်ရှိသူများက ပြောသည်။

နိုင်ဂျီးရီးယားနိုင်ငံ စစ်ဘက်ဆိုင်ရာပြောရေးဆိုခွင့်ရှိသူ ဗိုလ်ကြီး အိုင်ကီဒီရှိအိုင်ဝီဟာက ကြာသပတေးနေ့၌ ထုတ်ပြန်သောကြေညာချက်တွင် သံသယရှိသူ လက်ဘနွန်နိုင်ငံသား သုံးဦးကို မေ ၁၆ရက်နှင့် ၂၈ရက်ကြားရက်များ၌ ဖမ်းဆီးခဲ့ကြောင်း၊ စစ်ကြောမေးမြန်းရာတွင် ၎င်းတို့အားလုံးသည် ဟစ်ဇ်ဘိုလာအဖွဲ့ဝင်များဖြစ်ကြကြောင်း ဝန်ခံခဲ့ကြသည်ဟု ဖော်ပြသည်။

သံသယရှိသူများအနက် တစ်ဦး၏နေအိမ်ကိုစီးနင်းရာ၌ ၆၀မမ တင့်ကားဖျက်လက်နက် ၁၁ခု၊ တင့်ကားဖျက်မိုင်းလေးခု၊ ၁၂၂မမအမြောက်ကျည်များ၊ ဗုံးပစ်လောင်ချာ ၂၁ခု၊ အေကေ-၄၇ ရိုင်ဖယ် ခုနစ်လက်နှင့် ကျည်ဆန် ၁၁၀၀၀၊ ဒိုင်းနမိုက်များကို ဖမ်းဆီးရမိခဲ့သည်ဟု ၎င်းက ပြောကြားသည်။

**ရိုက်တာ။**

# အမေရိကန်နှင့် ကိုရီးယားတပ်ဖွဲ့များ အမ်ဂျင်းမြစ်အတွင်း စစ်ရေးလေ့ကျင့်

ဆိုးလ် မေ ၃၁

အမေရိကန်နှင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင်များသည် သံချပ်ကာကားများနှင့် အမြောက်တင်ယာဉ်များကို မြစ်တစ်ဖက်ကမ်းမှ အခြားတစ်ဖက်ကမ်းသို့ ရွှေ့ပြောင်းသည့် စစ်ရေးလေ့ကျင့်မှုကို ယောင်ချွန်မြို့၌ မေ ၃၀ရက်က ပြုလုပ်ခဲ့ကြောင်း ရိုက်တာသတင်းတစ်ရပ်တွင် ဖော်ပြသည်။

အမေရိကန်တပ်ဖွဲ့ဝင်၃၀၀ကျော်နှင့် တောင်ကိုရီးယားတပ်ဖွဲ့ဝင် ၉၅ဦးတို့သည် အမ်ဂျင်းမြစ်ကိုဖြတ်သန်းမည့် သံချပ်ကာကားများနှင့် အမြောက်တင်ယာဉ်များအတွက် ယာယီဖောင်များကို တည်ဆောက်ခဲ့ကြကြောင်း တောင်ကိုရီးယား စစ်ဘက်တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

ပူးတွဲစစ်ရေးလေ့ကျင့်မှု၌ သံချပ်ကာယာဉ် ၁၄စီးနှင့် အမြောက်တင်ယာဉ် ၁၆စီးတို့ပါဝင်သည်။ မြစ်ကိုဖြတ်သန်း၍ စစ်သုံးယာဉ်များကို သယ်ဆောင်သည့် ပူးတွဲစစ်ရေးလေ့ကျင့်မှုပြုလုပ်ခြင်းမှာ ပထမဆုံးအကြိမ်ဖြစ်သည်။

**ရိုက်တာ။**




# အာကင်ဆောနှင့် အိုကလာဟိုးမား ပြည်နယ်တို့၌ လေဆင်နှာမောင်းတိုက်

ဝါရှင်တန် မေ ၃၁

အမေရိကန်ပြည်ထောင်စု အာကင်ဆောပြည်နယ်နှင့် အိုကလာဟိုးမားပြည်နယ်တို့၌ မေ ၃၀ ရက်က လေဆင်နှာမောင်းများ တိုက်ခတ်ခဲ့ရာ လူကိုးဦးထက်မနည်း ဒဏ်ရာရရှိကြောင်း အမေရိကန်သတင်းဌာနများက မေ ၃၁ ရက်တွင် သတင်းထုတ်ပြန်သည်။

လေဆင်နှာမောင်း တိုက်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသူများအားလုံးမှာ အာကင်ဆောပြည်နယ်မှဖြစ်ကြသည်။ ထိခိုက်ဒဏ်ရာရသူများအနက် နှစ်ဦးမှာ မိုးကြိုးပစ်ခံရမှုကြောင့်ဖြစ်ကြောင်း ဒါးလတ်စ်နံနက်ခင်းသတင်းအမည်ရှိ သတင်းစာ၏ အင်တာနက်ဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် အာကင်ဆောပြည်နယ်ရှိ နေအိမ်များ၊ သစ်ပင်များနှင့် ဓာတ်တိုင်များ ပျက်စီးခဲ့ရသည်။

**ဆင်ဟွာ။**

## ဖတ်မှတ်ယ်အာစုံစုံ နိုင်ငံတကာသတင်းအာမုံမုံ

### အီရန်သို့ မိုဘိုင်းဖုန်းနှင့် ဆော့ဖ်ဝဲများရောင်းချမှုအား အမေရိကန်တိုးမြှင့်ပိတ်ပင်

အမေရိကန်နိုင်ငံသည် ယင်းနိုင်ငံထုတ်မိုဘိုင်းဖုန်းများ၊ အခြားဆက်သွယ်ရေးဆိုင်ရာ ကိရိယာများ၊ ဆော့ဖ်ဝဲများအား အီရန်နိုင်ငံအတွင်းသို့ ဖြန့်ဖြူးရောင်းချခြင်းကို တိုးမြှင့်ပိတ်ပင်ခဲ့ကြောင်း မေ ၃၀ ရက်သတင်းများတွင် ဖော်ပြထားသည်။ အမေရိကန်နိုင်ငံသည် အီရန်နိုင်ငံ၏ နျူကလီးယားစီမံကိန်းလုပ်ဆောင်နေမှုကိစ္စနှင့် ပတ်သက်၍ ကုန်စည်ပို့ဆောင်မှုများကို တားမြစ်ပိတ်ပင်မှုများအား လွန်ခဲ့သည့်နှစ် အနည်းငယ်အတွင်းက ချမှတ်လုပ်ဆောင်ခဲ့သော်လည်း အမေရိကန်နိုင်ငံထုတ် Apple i Phone များ အီရန်သို့တင်ပို့ဖြန့်ဖြူးနိုင်ပြီဟူသော အငြင်းပွားဖွယ်ရာကိစ္စများ ပေါ်ပေါက်လာခဲ့ခြင်းကြောင့် ယင်းကဲ့သို့ မိုဘိုင်းဖုန်း၊ ဆက်သွယ်ရေး ကိရိယာပစ္စည်းများနှင့် ဆော့ဖ်ဝဲများအား အီရန်သို့ရောင်းချတင်သွင်းမှုကို တိုးမြှင့်ပိတ်ပင်ရန်လုပ်ဆောင်ခြင်း ဖြစ်ကြောင်းသိရသည်။

### မားစ်ဂြိုဟ်တွင် မြစ်များစီးဆင်းခဲ့ဟု သိပ္ပံပညာရှင်များဆို

နာဆာ၏ မားစ်ဂြိုဟ်လေ့လာစောင့်ကြည့်ရေးအဖွဲ့မှ မားစ်ဂြိုဟ်ပေါ်ရှိ ကျောက်ဆောင်ကျောက်တုံးကြီးများ၏ ဖွဲ့စည်းဖြစ်တည်မှုဓာတ်ပုံများကို ခွဲခြမ်းစိတ်ဖြာလေ့လာဆန်းစစ်ပြီးနောက် တစ်ချိန်က ယင်းဂြိုဟ်ပေါ်တွင်မြစ်များ၊ စမ်းချောင်းများ တသွင်သွင် စီးဆင်းခဲ့သည်ဟု သုတေသီများ က မေ ၃၀ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ တန်နက်ဆေးတက္ကသိုလ် မြေကမ္ဘာနှင့် ဂြိုဟ်ကမ္ဘာ့လေ့လာရေးဆိုင်ရာ သိပ္ပံဌာနမှ ပါမောက္ခ လင်ဒါခဲ့က အနီရောင်ဂြိုဟ်ဟု သတ်မှတ်ခေါ်တွင်သော မားစ်ဂြိုဟ်ပေါ်တွင် ယနေ့ကာလတွင်မြင်တွေ့နေရသော အေးသည့်၊ ပူသည့်အခြေအနေများနှင့်ကွာခြားကာ သက်ရှိများရှင်သန်ရပ်တည်နိုင်သော အခြေအနေကောင်းတစ်ရပ် ဖြစ်ပေါ်လာခဲ့ကြောင်း၊ မြစ်များ၊ ချောင်းများလည်း တသွင်သွင် စီးဆင်းခဲ့ပုံရသည်ကို ယင်းဂြိုဟ်ပေါ်ရှိ ကျောက်သား၊ ကျောက်စိုင်များ၏ ဓာတ်ပုံမြင်ကွင်းများမှတစ်ဆင့် အဖြေရှာဖော်ထုတ်နိုင်ခဲ့ကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

### Galaxy S4 "mini Version" ထွက်ရှိလာတော့မည်

ပိုမိုပါးလွှာသော ဆမ်ဆောင်း Galaxy S4 စမတ်ဖုန်းကို “mini Version” ဖြင့် ထုတ်လုပ်နိုင်ရန် လုပ်ဆောင်နေလျက်ရှိကြောင်း တောင်ကိုရီးယား စမတ်ဖုန်းကုမ္ပဏီ ဆမ်ဆောင်းက မေ ၃၀ ရက်တွင် ထုတ်ဖော်ပြောကြားခဲ့သည်။ အဆိုပါ Mini Galaxy S4 စမတ်ဖုန်းအား လာမည့် ဇွန် ၂၀ ရက်တွင် လန်ဒန်၌ စတင်ဖြန့်ဖြူး ရောင်းချဖွယ်ရှိကြောင်း၊ ယင်းစမတ်ဖုန်းသည် အရွယ်အစားအားဖြင့် Apple ၏ i phone နှင့် ကွာခြားမှုမရှိသဖြင့် i phone နှင့် အပြိုင်အဆိုင်ဖြစ်လာနိုင်ကြောင်း၊ ယင်းစမတ်ဖုန်း၏ အရွယ်အစားနှင့်အလေးချိန်မှာ ၄ ဒသမ ၃ လက်မနှင့် ၃ ဒသမ၇၇ အောင်စရှိကြောင်း သိရသည်။

**ဟိန်းထက်လင်း -ရေးသားသည်**

## တစ်ပိုင်တစ်နိုင်မွေးမြူရေးမှသည် အစုအဖွဲ့စနစ်ဖြင့်ပေါင်းစပ်မွေးမြူပါက မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်



**နေပြည်တော် မေ ၃၁**

မွေးမြူရေးနှင့်ရေလုပ်ငန်းဝန်ကြီးဌာနသည် နိုင်ငံတော်၏ သား၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး၊ စားနပ်ရိက္ခာဖူလုံရေးနှင့် ဘေးအန္တရာယ်ကင်းရှင်းသော အစားအစာရရှိရေးကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်နေချိန်တွင် ကချင်ပြည်နယ်ဒေသတွင်းရှိ မွေးမြူရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ဝန်ထမ်းများအနေဖြင့်ကြိုးစားဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျေးလက်နေပြည်သူများ မွေးမြူရေးနည်းပညာ အတွေ့အကြုံကောင်းများ ရရှိလာစေရန်အတွက် ခေတ်မီမျိုးမြှင့်သားစပ်ခြင်းနှင့် မွေးမြူရေးနည်းပညာသစ်များအား ကျေးရွာအရောက် မွေးမြူသူများလက်ဝယ်သို့ လက်တွေ့ကွင်းဆင်း သင်ကြားဆောင်ရွက်ပေးသွားရမည် ဖြစ်ကြောင်း၊ ဒေသခံပြည်သူများနှင့် ပူးပေါင်းပြီး ဒေသခံမွေးမြူရေးပညာရှင်များ ပေါ်ထွန်းလာစေရေးအတွက် ပြည်သူများနှင့်အတူ ထိတွေ့ဆက်ဆံ၊ လေ့ကျင့် သင်ကြားပေးခြင်းဖြင့် ပြည်သူလူထု၏ မွေးမြူရေးနည်းပညာ အလားအလာကောင်းများ ပေါ်ထွန်းလာစေမည် ဖြစ်ကြောင်း၊ တစ်ပိုင်တစ်နိုင် မွေးမြူရေးလုပ်ငန်းများအား စုစည်းပြီး အစုအဖွဲ့စနစ်ဖြင့် ပေါင်းစည်းမွေးမြူလုပ်ကိုင်လာပါက မွေးမြူရေးကဏ္ဍ ပိုမိုဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်းဖြင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်က မေ ၃၀ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်တွင် ကချင်ပြည်နယ် မြစ်ကြီးနားမြို့ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနရုံး၌ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက သား၊ ငါးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်ချက်တစ်ခုဖြစ်သည့် တိရစ္ဆာန်ကျန်းမာရေးစောင့်ရှောက်မှု၊ တိရစ္ဆာန်မှ လူသို့ ကူးစက်စေတတ်သည့် ရောဂါများ မဖြစ်ပွားစေရေး ကြိုတင်ကာကွယ်စောင့်ရှောက်မှုနှင့် သန့်ရှင်းပြီး ဘေးအန္တရာယ်ကင်းသော အစားအစာ ထုတ်လုပ်ပေးနိုင်ရေး စသည်တို့ကို ပြည်သူများ သိရှိနားလည်စေရန် ဝန်ထမ်းများအနေဖြင့် ကျေးရွာအရောက် ကွင်းဆင်းဆောင်ရွက် ဟောပြောကြစေလိုကြောင်း၊ တိရစ္ဆာန်ညှဉ်းပမ်းနှိပ်စက်မှု ပပျောက်ရေးအတွက် တိရစ္ဆာန်များသက်သာချောင်ချိရေးကိုလည်း ဂရုစိုက်ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ ဒေသအတွင်း လိုအပ်သော ကြက်၊ ဝက်၊ နွားများနှင့် နည်းပညာ အကူအညီများ အမြဲမပြတ် ပံ့ပိုးကူညီဆောင်ရွက်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် တပ်ကုန်းရပ်ကွက်ရှိဒေါ်ထုလိန်၏ (ပေါင်းစည်းလယ်ယာ) သစ်ခွ၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးခြံ၌ နို့စားနွားများမွေးမြူထားမှု၊ စိုက်ပျိုးရေးလုပ်ငန်းသုံး သဘာဝမြေဩဇာနှင့် ဇီဝအရည်ထုတ်လုပ်သည့် တီကောင်မွေးမြူရေးကန်တို့သို့ သွားရောက်ကြည့်ရှုအားပေးသည်။ **(အပေါ်ပုံ)**

ယင်းနောက် ဝန်ကြီးဌာန ကြက်မွေးမြူရေးခြံနှင့် ဇီးလွန်ရပ်ကွက်ရှိ ပျားစခန်းများသို့ သွားရောက်ပြီး ပုဂ္ဂလိကပိုင်ပြုလုပ်ရေး ဆောင်ရွက်ထားမှုနှင့် ပျားပုံးများ လေလံတင်ရောင်းချနိုင်ရေး စီစဉ်ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပိုလ်ချုပ်ဈေးသစ်(ယာယီ)တည်ဆောက်မှုအခြေအနေမှာ ၉၀ ရာခိုင်နှုန်း ပြီးစီး

**ရန်ကုန် မေ ၃၁**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီနှင့် ရွှေတောင်ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်မည့် ဗိုလ်ချုပ်ဈေးသစ်အား ခေတ်မီအဆင့်မြင့်ဈေးအဖြစ် ပြောင်းလဲတည်ဆောက်မည်ဖြစ်ရာဈေးအတွင်း ဈေးသူဈေးသားများအား ဆိုင်ခန်းနေရာများ ယာယီနေရာ ပြန်လည်ချထားပေးရန်အတွက် ရွှေတိဂုံဘုရားလမ်းနှင့် အနော်ရထာလမ်းဆုံရာ မြေကွက်လပ်၌ဈေး(ယာယီ)တည်ဆောက်မှု အခြေအနေမှာ ၉၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။ **(အောက်ပုံ)**



“ဒီဈေးကို ၁၉၈၀ ခုနှစ် ဒီဇင်ဘာ ၁၇ ရက်ကစဖွင့်ခဲ့တာပါ။ အခုလက်ရှိ ဗိုလ်ချုပ်ဈေးသစ်မှာ ဆိုင်းခန်းပေါင်း ၄၁၆ ဆိုင်ဆောက်လုပ်ပြီး တာဝန်ကျေတဲ့ဆိုင်ခန်းရှင်တွေကို ပြန်လည်နေရာချထားပေးခဲ့ပါတယ်၊ နောက်တစ်ခါ သုံးနှစ်နေပြီးတော့ တိုးချဲ့ဆိုင်ခန်းပေါင်း ၂၀ ထပ်ချပေးခဲ့ပါတယ်၊ အခုဆိုရင် ဆိုင်ခန်းစုစုပေါင်းအားလုံး ၄၃၆ ဆိုင်ရှိသွားပါပြီ” ဟု ဈေးသာယာရေးဥက္ကဋ္ဌက ရှင်းပြသည်။ ဆက်လက်၍ ဈေးသာယာရေးဥက္ကဋ္ဌက ပြောကြားရာတွင်သစ်သားအဆောက်အအုံဖြစ်သည့်အတွက် ယိုယွင်းပျက်စီးနေပြီ ဖြစ်ကြောင်း၊ ခေတ်ပြောင်းစနစ်ပြောင်း ကာလ၌ ကမ္ဘာ့အဆင့်မီဈေးကြီးဖြစ်လာစေရန် နိုင်ငံတော်နှင့် ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီက ၂၀၁၂ ခုနှစ်၌ ပြည်တွင်းပုဂ္ဂလိကကန်ထရိုက်များကို သတင်းစာများမှခေါ်ယူခဲ့ပြီး ယခင်အခေါ် (လဟာပြင်) ဈေးကွက်လပ်၌ ဆိုင်ခန်းပေါင်း ၄၃၆ ဆိုင်ကို ယာယီနေရာချထားပေးရန်အတွက် ဆောက်လုပ်ပြီးစီးတော့မည်ဖြစ်ကြောင်း၊ ဗိုလ်ချုပ်ဈေးသစ်ကိုလည်း ခေတ်မီအဆင့်မြင့်ဈေးအဖြစ်တည်ဆောက်မည်ဖြစ်ရာ ဇွန်လအတွင်းဆိုင်ခန်းများပြောင်းရွှေ့ရန် စီမံလုပ်ကိုင်ပြီးဖြစ်ကြောင်း ပြောပြသည်။

“လက်ရှိအနေအထားအရသက်ဆိုင်ရာရဲ့ စီစဉ်လမ်းညွှန်မှုအရ အဖိတ်အစဉ်မရှိဘဲ၊ ပြောင်းရွှေ့ရပါတယ်၊ အစကတည်းကချပေးထားတဲ့အတိုင်း ဗိုလ်ချုပ်ဈေးသစ်ပါပဲ အပြောင်းအလဲမရှိပါဘူး၊ နိုင်ငံတော်အကြီးအကဲ၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရ၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ ရွှေတောင်ကုမ္ပဏီတို့ကို ခေတ်မီအဆင့်မြင့် ဈေးသစ်တည်ဆောက်ပေးလို့ အထူးပဲကျေးဇူးတင်ရှိပါတယ်” ဟုဈေးသာယာရေးဥက္ကဋ္ဌ ဦးစိုးဝင်းက ပြောပြသည်။

ယခုပြန်လည်နေရာချထားပေးသော ယာယီဆိုင်းခန်းပေါင်း ၄၃၆ ဆိုင်အတွက်ဈေးဟောင်းရှိဆိုင်ခန်းများ ပုံစံအတိုင်း ရှစ် ပေပတ်လည် ဆိုင်ခန်းပေါင်း ၄၃၆ ဆိုင် ပြန်လည်နေရာချထားပေးကြောင်း သိရသည်။

**(စိုးဝင်း-MLA)**



# အားပျော့ပျက်ပြယ်ချိန်တန်ပြီဖြစ်သောဒေါ်လာမုန်တိုင်း

**ပြည်သူတစ်ဦး**

နှစ်သစ်ကူးကာလဖြစ်သော မြန်မာသက္ကရာဇ် ၁၃၇၄ ခုနှစ်မှ ၁၃၇၅ ခုနှစ် အကူးအပြောင်းကာလအချိန်ဖြစ်သည့် ခရစ်သက္ကရာဇ် ၂၀၁၃ ခုနှစ် ဧပြီလသည် ကုန်လွန်ခဲ့သော နှစ်များနှင့်မတူ တစ်မူထူးခြားစွာ အပူလွန်ကဲသည့်အပြင် တစ်နိုင်ငံလုံးတွင်လည်း ခရမ်းလွန်ရောင်ခြည် ကျရောက်မှုမြင့်တက်နေသောကြောင့် ပြည်သူများအနေဖြင့် ကျန်းမာရေးကို အထူးအလေးထားဂရုပြုကာကွယ်စောင့်ရှောက်နိုင်ရန် သက်ဆိုင်ရာ ရုပ်သံလွှင့်ဌာနများနှင့် ပုဂ္ဂလိကသတင်းမီဒီယာအမျိုးမျိုးတို့မှ အသိပေးမှုများ ကျယ်ကျယ်ပြန့်ပြန့် ပြုလုပ်ပေးခဲ့ရပါသည်။

နှစ်ကူးပွဲတော်အား တစ်နိုင်ငံလုံးရှိ ဗုဒ္ဓဘာသာဝင် မြန်မာလူမျိုးများ သာမက တိုင်းရင်းသားညီအစ်ကိုမောင်နှမများအားလုံး မိမိတို့လုပ်ကိုင်ဆောင်ရွက်နေဆဲလုပ်ငန်းများကို ရပ်နား၍သော် လည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း နှစ်သစ်ကူးပွဲဆင်နွှဲရန် နိုင်ငံတော်မှ သတ်မှတ်ပြဋ္ဌာန်းပေးသော ရုံးပိတ်ရက် ၁၀ ရက်တွင် လည်းကောင်း ပျော်ပျော်ပါးပါး ပါဝင်ဆင်နွှဲခဲ့ကြပါသည်။ နှစ်ကူးပွဲတော်ပြီးချိန်ဖြစ်သော ဧပြီလ နောက်ဆုံးပတ်မှစ၍ ကမ္ဘာသုံးငွေကြေးဖြစ်သော အမေရိကန်ဒေါ်လာနှင့် မြန်မာငွေလဲလှယ်နှုန်းထားမှာ ယခင် ၈၅၀ ကျပ် ဝန်းကျင်ခန့်တွင် တည်ငြိမ်နေရာမှ စတင်၍ပြောင်းလဲဈေးတက်ရန် အစပျိုးအားကောင်း တာစူမှုများ ဖြစ်ပေါ်လာသည်ကို တွေ့ရှိရပါသည်။

နှစ်သစ်တွင် လူသစ်၊ စိတ်သစ်ဖြင့် တက်တက်ကြွကြွ လုပ်ငန်းဆောင်တာများ လုပ်ကိုင်ဆောင်ရွက်ရန် ကြံစည်အားခဲထားစဉ် စတင်စိန်ခေါ်မှုနှင့် ကြုံတွေ့ရင်ဆိုင်လိုက်ရသည်မှာ ဒေါ်လာမုန်တိုင်း အစပျိုးအားကောင်းလာမှုပင် ဖြစ်ပါသည်။ သန်း ၆၀ ကျော်သော ပြည်သူများ နိစ္စဓူဝ အသုံးပြုနေသော အခြေခံကုန်ပစ္စည်းများဖြစ်သည့် လူသုံးကုန်ပစ္စည်း၊ စာရေးကိရိယာ၊ စားသောက်ကုန်၊ ဆေးဝါး၊ လောင်စာဆီမှ အစပြု၍ ဇိမ်ခံပစ္စည်း၊ စက်ပစ္စည်းနှင့် စက်အရန်ပစ္စည်းအဆုံး ၈၅ ရာခိုင်နှုန်းသော ကုန်ပစ္စည်းများအား သက်ဆိုင်ရာကုမ္ပဏီ/အစုအဖွဲ့လုပ်ငန်းရှင်များနှင့် တစ်ဦးချင်း ပုဂ္ဂလိက ကုန်သည်ပွဲစားများအနေဖြင့် နိုင်ငံခြားငွေအသုံးပြု၍ မှာယူတင်သွင်းပြီး ပြည်သူများအား တစ်ဆင့် ဖြန့်ဖြူးရောင်းချပေးနေခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ငွေလဲလှယ်နှုန်း တည်ငြိမ်ရန် လိုအပ်မည်ဖြစ်ပြီး တည်ငြိမ်နေမှသာ သုံးစွဲသူပြည်သူများ သင့်တင့်လျောက်ပတ်သော ဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲနိုင်မည် ဖြစ်ပါသည်။

တစ်စတစ်စ အစပျိုးအားကောင်းလာသော အမေရိကန်ဒေါ်လာနှင့် မြန်မာငွေလဲလှယ်နှုန်းထားမှာ မေလပထမပတ်အတွင်း ဖြစ်ပေါ်ခဲ့သော မဟာစင်မုန်တိုင်းနှင့်အပြိုင် အားကောင်းလာသည်ကို တွေ့ရှိရပါသည်။

သို့သော် မုန်တိုင်းလားရာ ပြောင်းလဲသွားသည့်အပြင် အားလျော့သွားရသော်လည်း အမေရိကန်ဒေါ်လာငွေ မုန်တိုင်းမှာမူ ဆက်လက်မွှေနှောက် အားကောင်းဆဲဖြစ်ပါသည်။

မေ ၁၆၊ ၁၇၊ ၁၈ ရက်များတွင် အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေကျပ် ၉၃၀ ဝန်းကျင်ခန့် မြင့်တက်လာသည့်အတွက် မြန်မာငွေဈေး ဆက်လက်ကျဆင်းလာပြီး ကုန်ဈေးနှုန်းများ ၁၀ ရာခိုင်နှုန်းခန့်ကြီးမြင့်လာကာ ပြည်သူများ စတင်အခက်အခဲတွေ့ရှိလာသည့်အသံများ ကြားသိလာရပါသည်။ ငွေလဲလှယ်နှုန်းတည်ငြိမ်မှုမရှိသည်နှင့်တစ်ပြိုင်နက် ကုန်ပစ္စည်းများအား ယခင်တည်ငြိမ်ငွေလဲလှယ်နှုန်းဖြင့် တင်သွင်းသိုလှောင်ထားသည်ဖြစ်စေ ယခုပြောင်းလဲ ဈေးတက်နေသော ငွေဈေးအတိုင်းတွက်ချက်၍ ပြည်သူများအား ရောင်းချရုံတင်မဟုတ်ဘဲ ဖြစ်ပေါ်လာခြင်း မရှိသေးသော်လည်း အနာဂတ်တွင် ဖြစ်ပေါ်လာနိုင်သည့်ဈေးနှုန်းများဟု မိမိစိတ်ကူးဖြင့် အတင်းအဓမ္မဈေးနှုန်း ခန့်မှန်းသတ်မှတ်(ဥပမာ-ဈေးတက်လာနိုင်သည်)ဟု မြော်တွေး၍ ရောင်းချခြင်း၊ ရောင်းဝယ်ခြင်းများကို ပြုလုပ်နေကြပါသည်။

လက်ရှိအချိန်တွင် အမေရိကန်တစ်ဒေါ်လာလျှင် မြန်မာငွေ ၉၅၀ ကျပ် ဝန်းကျင်ခန့်ဖြစ်ပေါ်နေပြီး ငွေလဲနှုန်းမငြိမ်သက်မှု၏ သက်ရောက်မှုအား ၉၇ ရာခိုင်နှုန်းသော ပြည်သူများအနေဖြင့် ဆိုးကျိုးသက်ရောက်မှုရှိပြီး သုံးရာခိုင်နှုန်းခန့်သော ပြည်သူများအတွက်သာ အကျိုးရှိနိုင်မည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဥပမာအနေဖြင့် တင်စားဖော်ပြရလျှင် သုံးချက်သချ်ာ တွက်နည်းအရ အများလိုအနည်းစားခြေဟူသော ပုံသေနည်းပါအတိုင်း အများကောင်းကျိုးရှေးရှု စဉ်းစားဆောင်ရွက်ပေးသင့်သောကြောင့် အမေရိကန်ဒေါ်လာနှင့် မြန်မာ့ရွှေဈေးကွက်အား ကိုင်တွယ်ရောင်းဝယ်ဈေးကစားနေသော လုပ်ငန်းရှင်ကုန်သည်ပွဲစားများအနေဖြင့် ပြည်သူလူထုအတွက် အတ္တပရ ညီညွတ်မျှတစွာ စဉ်းစားချင့်ချိန်၍ လုပ်ကိုင်ဆောင်ရွက်ချိန်တန်ပြီဟု ထင်မြင်ယူဆမိပါသည်။

သို့ဖြစ်ပါ၍ ပြည်သူများအတွက် လွန်စွာနစ်နာမှုများဖြစ်ပေါ်စေနိုင်သောကြောင့်လည်းကောင်း၊ နိုင်ငံတော်အနေဖြင့်လည်း ပြည်သူများ၏ လူမှုဘဝမြှင့်တင်ရေးကိစ္စရပ်များ ဆောင်ရွက်ရာတွင် ကြီးမားသောအဟန့်အတားစိန်ခေါ်မှုများ ဖြစ်ပေါ်စေနိုင်သောကြောင့် လည်းကောင်း၊ သက်ဆိုင်ရာပြည်ထောင်စုအစိုးရအဖွဲ့ဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံစက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ရုံးနှင့် အခြားလိုအပ်ချက်အရဖွဲ့စည်းထားသော အဖွဲ့အစည်းများ ဖွဲ့စည်းထားခြင်းမရှိသေးပါကလည်း ပြည်သူလူထုအနေဖြင့် အမှန်တကယ် ဖြစ်သင့်ဖြစ်ထိုက်သည့် ငွေလဲလှယ်နှုန်းထားဖြင့် တွက်ချက်ထားသော ဈေးနှုန်းဖြင့် ကုန်ပစ္စည်းများ ဝယ်ယူသုံးစွဲနိုင်ရန် အသေးစိတ်စောင့်ကြည့်တည့်မတ်ထိန်းကျောင်းပေးနိုင်မည့် ကြီးကြပ်ရေးအဖွဲ့များ ထပ်မံဖွဲ့စည်းတာဝန်ပေးသင့်ပါကြောင်း တင်ပြအပ်ပါသည်။

ငွေကြေးလဲလှယ်မှုနှုန်းထား မငြိမ်သက်မှုသည် လူကုံတန်အသိုင်းအဝိုင်းနှင့် လူလတ်တန်းများအတွက် ကြီးမားစွာ သက်ရောက်မှုမရှိသော်လည်း အခြေခံလူတန်းစားများအနေဖြင့် ဝမ်းရေးအတွက်ပင် ကြိုးစားရုန်းကန်လှုပ်ရှားနေရသည့်အပြင် နိုင်ငံ့ဝန်ထမ်းများအနေဖြင့်လည်း နိုင်ငံတော်မှ ချီးမြှင့်သော ထောက်ပံ့ကြေးငွေသည် အခြေခံလူသုံးကုန်နှင့် စားသောက်ကုန်ဈေးတက်မှု အချိုးနှုန်းထားထဲတွင် ပါဝင်ပျောက်ကွယ်မည့်အခြေအနေနှင့် ရင်ဆိုင်နေရသည့်အပြင် ကျောင်းဖွင့်ရာသီချိန်နှင့်ပါ တိုက်ဆိုင်နေသည့်အတွက် လွန်စွာအခက်အခဲကြုံတွေ့နိုင်ပါသည်။

မြန်မာပြည်သူအများစုသည် ရောင့်ရဲလွယ်သောသူများဖြစ်သည့်အပြင် အခြေခံစားဝတ်နေရေးပြေလည်နေပါက ဘာသာတရားအား အဖော်ပြု၍ အေးအေးချမ်းချမ်း နေထိုင်လိုစိတ်ရှိသူများ ဖြစ်ပါသည်။ နိုင်ငံတော်အနေဖြင့် ဒီမိုကရေစီနိုင်ငံသစ်အား တည်ဆောက်နေသည့်ကာလဖြစ်သည့်အတွက် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ဆင်းရဲနွမ်းပါးမှုလျော့နည်းပပျောက်ရေးနှင့် လူမှုဘဝမြှင့်တင်ရေး ကိစ္စရပ်များ အထူးအလေးထားဆောင်ရွက်ပေးနေချိန်တွင် အဓိကကျသည့်အပြင် အခြေခံအကျဆုံးလိုအပ်ချက်ဖြစ်သည့် ငွေလဲလှယ်မှုနှုန်းထားအား ထပ်မံမြင့်တက်မှုမရှိဘဲ တည်ငြိမ်မှုရှိလာအောင် ဆောင်ရွက်ပေးစေလိုပါကြောင်းနှင့် ပြည်သူများအနေဖြင့်လည်း ဗုဒ္ဓမြတ်စွာဘုရား၏ အန္တရာယ်ကင်းပရိတ်ဒေသနာတော်တရားများအား ယုံကြည်သက်ဝင်ရွတ်ဖတ်ပူဇော်မှုကြောင့် မဟာစင်မုန်တိုင်းလားရာပြောင်း အားပျော့ပျက်ပျယ် ကွေ့ကွင်းသွားသကဲ့သို့ မွှေနှောက်အားကောင်းနေသော ဒေါ်လာမုန်တိုင်းအား အားပျော့ပျက်ပျယ်အောင် ဝိုင်းဝန်းဆုတောင်းပေးကြပါဟု မွန်မြတ်သောစိတ်စေတနာဖြင့် အပြုသဘောဆောင် ရေးသားတင်ပြအပ်ပါသည်။ ။

## ပြည်ပသို့ ဖွဲနု အထွက်များသဖြင့် ပြည်တွင်း၌ ဈေးနှုန်းများ မြင့်တက်လာနိုင်

**ရန်ကုန် မေ ၃၁**

တရုတ်နယ်စပ်သို့ ဖွဲနုများတင်ပို့မှုများရှိလာရာ မန္တလေးမြို့မှအထွက် ၁၆ မိုင်ဂိတ်တွင် သယ်ယူခွင့် ထောက်ခံချက်မပါပါက သယ်ယူခွင့်မပြုသဖြင့် ယခုရက်ပိုင်း ဧရာဝတီတိုင်းဒေသကြီးမှ လားရှိုးသို့ပို့ရန် ဖွဲနုအိတ် ၂၀၀ ကို မန္တလေးဂိတ်သို့ လာရောက်ပို့ဆောင်ရာတွင် လက်မခံခဲ့ကြောင်း ဘုရင့်နောင်ပွဲရုံဝင်း ခရေလမ်းရှိ မန္တလေးကားဂိတ်ပိုင်ရှင်တစ်ဦးက ဆိုသည်။

ဖွဲနုတစ်ပေါင်လျှင် ပြည်တွင်းဈေးကွက်တွင် ၅၅ ကျပ်၊ ၆၀ ကျပ် ဝန်းကျင်သာရှိရာမှ ပြည်ပအပို့ရှိလာသဖြင့် မြစ်ဝကျွန်းပေါ်နယ်ဘက်တွင် တစ်ပေါင်လျှင် ၈၅ ကျပ်ဝန်းကျင်ထိ ဈေးမြင့်လာကြောင်း၊ မွေးမြူရေးလုပ်ငန်းသုံးဖွဲနုများ နယ်စပ်သို့ အထွက်များသဖြင့် မွေးမြူရေးပါ ဈေးနှုန်းမြင့်တက်လာမည်ကို စိုးရိမ်မှုရှိလာရသည်။

ယခုလပိုင်း နိုင်ငံခြားငွေလဲလှယ်နှုန်း တစ်ဒေါ်လာလျှင် ကျပ် ၅၀ ကျော်မြင့်တက်လာမှုကြောင့် ပြည်ပပို့ကုန်များ ကျပ်ငွေပိုမိုရရှိလာပြီး ပြည်တွင်းတွင်လည်း ဈေးနှုန်းများ တိုးမြင့်လာကြောင်း၊ ရေထွက်ကုန်များပြည်ပသို့တင်ပို့ရာတွင် ကျပ်ငွေပိုရလာသကဲ့သို့ ပြည်တွင်းဈေးကွက်တွင်လည်း ရေထွက်ပစ္စည်းဈေးနှုန်းများမြင့်တက်ရကြောင်း၊ တစ်ပိဿာလျှင် ငွေကျပ် ၇၀၀၀ နှုန်းဝယ်ယူရာမှ ယခုရက်ပိုင်း ငွေကျပ် ၁၀၀၀၀ ဝန်းကျင်ဝယ်ယူခဲ့ရသည်ဟု အလုံမြို့နယ် စောရန်ပိုင် အနောက်ရပ်ကွက်မှ အိမ်ရှင်မတစ်ဦးကဆိုသည်။

ပြည်ပပို့ ရေထွက်ကုန်ပစ္စည်း ဒေါ်လာလဲလှယ်နှုန်း မြင့်တက်မှုကြောင့် ဈေးနှုန်းမြင့်သကဲ့သို့ ဖွဲနုဈေးကြီးမြင့်မှုနှင့်ပါ ပေါင်းဆုံလျှင် စားသုံးသူများအတွက် အခက်အခဲဖြစ်နိုင်ကြောင်း သိရသည်။

**(မောင်စေအောင်)**

## မန္တလေး-ရန်ကုန် ခရီးစဉ် ငွေကျပ် ၃၅၀၀၀ ဖြင့် မြန်မာ့လေကြောင်းမှ ပြေးဆွဲ

**မန္တလေး မေ ၃၁**

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာ့လေကြောင်းမှ မန္တလေး-ရန်ကုန် ခရီးစဉ်ကို တစ်ဦးလျှင် ငွေကျပ် ၃၅၀၀၀ နှုန်းဖြင့် ပြေးဆွဲပေးလျက်ရှိပြီး မြန်မာ့လေကြောင်း (မန္တလေးရုံးခွဲ)(၈၁)လမ်း၊ (၂၅)လမ်းနှင့် (၂၆) လမ်းကြား ဖုန်း-၀၂-၃၆၂၂၁၊ ၀၂-၃၆၂၂၂ ကို ဆက်သွယ်၍ လက်မှတ်များကြိုတင်မှာယူနိုင်ပြီး နေ့စဉ် နံနက် ၈ နာရီမှ မွန်းလွဲ ၂ နာရီအထိ နိုင်ငံသားစိစစ်ရေးကတ်တင်ပြ၍ ဝယ်ယူနိုင်ကြောင်း သိရသည်။

မြန်မာ့လေကြောင်းသည် မန္တလေးမှ မြစ်ကြီးနားသို့ ငွေကျပ် ၅၃၀၀၀၊ မန္တလေးမှ ဗန်းမော်သို့ ငွေကျပ် ၄၃၀၀၀၊ မန္တလေးမှ ခန္တီးသို့ ငွေကျပ် ၆၀၀၀၀၊ မန္တလေးမှ ဟုမ္မလင်းသို့ ငွေကျပ် ၆၃၀၀၀၊ မန္တလေးမှ ကလေးသို့ ငွေကျပ် ၄၅၀၀၀၊ မန္တလေးမှ ကျိုင်းတုံသို့ ငွေကျပ် ၇၅၀၀၀၊ မန္တလေးမှ တာချီလိတ်သို့ ငွေကျပ် ၇၅၀၀၀ ဖြင့်ပြေးဆွဲပေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ-မန္တလေး**

## အိုလံပစ်နေ့အထိမ်းအမှတ် စစ်တုရင်ပြိုင်မည်

**ရန်ကုန် မေ ၃၁**

အားကစားဝန်ကြီးဌာန အားကစားနှင့် ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံ စစ်တုရင်အဖွဲ့ချုပ်တို့က ကြီးမှူးကျင်းပမည့် ၂၀၁၃ ခုနှစ် အိုလံပစ်နေ့ အထိမ်းအမှတ် စစ်တုရင်ပြိုင်ပွဲကို ဇွန် ၁၈ ရက်မှ ၂၀ ရက် အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံအားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ မည်သူမဆိုပါဝင်ယှဉ်ပြိုင်နိုင်ပြီး ဇွန် ၁၆ ရက် နောက်ဆုံးထား၍ အောင်ဆန်းအားကစားပြိုင်ဝင်း မြန်မာနိုင်ငံစစ်တုရင်အဖွဲ့ချုပ် ရုံးခန်း၌ စာရင်းပေးသွင်းနိုင်သည်။

စစ်တုရင်အားကစားနည်းအမျိုးအစားမှာ ကျပန်းစစ်တုရင်(Chess 960)ဖြစ်ပြီး ပြိုင်ပွဲအမျိုးအစားမှာ ၂၅ မိနစ် အမြန်ရွှေ့ပြိုင်ပွဲ(25 min Rapid Tournament)ဖြစ်သည်။ ကျပန်းစစ်တုရင်မှာ အပြည်ပြည်ဆိုင်ရာ စစ်တုရင်အားကစားနည်းဖြစ်သော်လည်း ပွဲစအနေအထားမှာ အပြည်ပြည်ဆိုင်ရာ စစ်တုရင်နှင့် မတူညီပေ။ နယ်အနေအထားတူညီသော်လည်း ကစားကောင်များအနေအထား မတူညီပေ။ ပွဲစဉ်မစတင်မီ ပွဲစအနေအထားပေါင်း ၉၆၀ မှ တစ်ခုအားမဲနှိုက်၍ ယှဉ်ပြိုင်ရခြင်းဖြစ်သည်။ ကျပန်းစစ်တုရင်အား ယခင်က အင်္ဂလိပ် အခေါ်အဝေါ်အားဖြင့် Random Chess ဟုခေါ်ဆိုခဲ့ပြီး ယခုအခါကမ္ဘာ့စစ်တုရင်အဖွဲ့ချုပ်၏ သတ်မှတ်ချက်အရ Chess 960 ဟု ခေါ်ဆိုကြောင်းသိရသည်။ **(ကြေးမုံ)**



# ကုန်စည်ထုတ်လုပ်မှု၊ ကုန်သွယ်မှုမြှင့်တင်ရေးနှင့် စားသုံးသူအကာအကွယ်ပေးရေးဆိုင်ရာများ ဆွေးနွေး



**နေပြည်တော် မေ ၃၁**

ကုန်ထုတ်လုပ်မှုနှင့် ကုန်သွယ်မှု ဖွံ့ဖြိုးတိုးတက်ရေး ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးဝင်းမြင့်**(ယာပုံ)**ကပြီးခဲ့သည့် နှစ်ပတ်ခန့်မှစ၍ ဒေါ်လာငွေဈေးနှုန်း မြင့်တက်လာမှုကြောင့် ထုတ်လုပ်မှုစရိတ်များတက်လာနိုင်ပြီး ၎င်းမှတစ်ဆင့် အထွေထွေကုန်ဈေးနှုန်း တက်လာနိုင်ပါကြောင်း၊ ယခုရက်ပိုင်းအတွင်း ဒေါ်လာဈေးအနည်းငယ် ပြန်လည် ကျဆင်းလာသော်လည်း လက်ရှိထုတ်လုပ်မှုများအပေါ် မည်သို့အကျိုး သက်ရောက်နိုင်သည်ကို ဘက်စုံဆွေးနွေးပေးစေလိုပါကြောင်း၊ ယခုလက်ရှိအခြေအနေအရ ရန်ကုန်မြို့၊ မန္တလေးနှင့် နေပြည်တော်တို့တွင် အခြေခံစားသောက်ကုန်ဈေးနှုန်း တည်ငြိမ်သော်လည်း စားအုန်းဆီဈေးနှုန်း အနည်းငယ်တက်လာတာတွေ့ရပါကြောင်း၊ ယခင်ဈေးထက် ကျပ် ၁၀၀ ဝန်းကျင်ခန့် တက်လာပါကြောင်း၊ သို့ရာတွင် စက်သုံးဆီဈေးနှုန်းများ တည်ငြိမ်နေပါကြောင်း၊ သား၊ ငါး ဈေးနှုန်း အနည်းငယ်တက်လာလျှင် ကုန်ကြမ်းဈေးနှုန်းတက်မှုကြောင့်ဖြစ်ပါကြောင်း၊ ယခုအခါ နယ်စပ်များမှ မွေးမြူရေးကုန်ကြမ်းများ မထွက်ရှိစေရန် တင်းတင်းကြပ်ကြပ် ဆောင်ရွက်နေပါကြောင်း၊ ဖွဲ့နုအပါအဝင် မွေးမြူရေးကုန်ကြမ်းများကို တရားဝင် တင်ပို့ခွင့်မပြုပါကြောင်း။

အများပြည်သူအတွက် မရှိမဖြစ် လိုအပ်သည့် လူသုံးကုန်၊ စက်သုံးဆီ၊ ဓာတ်မြေဩဇာများ မပြတ်လပ်စေရန် သက်ဆိုင်ရာ အဖွဲ့အစည်းများ၊ ကုန်သည်လုပ်ငန်းရှင်များ အဆင်ပြေပြေ ဝယ်ယူတင်သွင်းနိုင်ရန် အားပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆေးနှင့် ဆေးပစ္စည်းများ ပြည်ပမှ တင်သွင်းရာတွင်လည်း ပြတ်လပ်မှုမရှိစေရေးနှင့် ဈေးနှုန်းမြင့်တက်မှုမရှိစေရေး အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များနှင့် ပူးပေါင်း၍ ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

မြန်မာ့ပို့ကုန်များတွင် တန်ဖိုးမြှင့်ပို့ကုန် ပိုမိုတိုးချဲ့တင်ပို့နိုင်ရေး အားလုံးဝိုင်းဝန်းဆောင်ရွက်ရမည် ဖြစ်ပါကြောင်း၊ အရေးကြီးပို့ကုန်/ သွင်းကုန်များ၏ဈေးကွက်၊ ဈေးနှုန်းသတင်းများကိုလည်း ဝန်ကြီးဌာနများ၏ Website များတွင် အမြဲဖော်ပြထားပါကြောင်း၊ ဖြစ်ပေါ်နေသည့်အထွေထွေကုန်ဈေးနှုန်းများသည် ထုတ်လုပ်သူများအတွက် ပိုမိုထုတ်လုပ်စေရန် ဆွဲဆောင်မှုပေးနိုင်သည့် ဈေးနှုန်းဖြစ်ရန်လိုသလို စားသုံးသူများတတ်နိုင်သည့် မျှတသည့် ဈေးနှုန်းဖြစ်ရန် လိုပါကြောင်း၊ နိုင်ငံခြားငွေလဲလှယ်နှုန်းသည် ပို့ကုန်/သွင်းကုန်အပေါ် သာမက အထွေထွေ ကုန်ဈေးနှုန်းအပေါ်ပါ အကျိုးသက်ရောက်နိုင်သောကြောင့် မျှတသည့် နိုင်ငံခြားလဲလှယ်နှုန်း ပေါ်ပေါက်စေရန် လိုအပ်ပါကြောင်းနှင့် သက်ဆိုင်ရာဝန်ကြီးဌာနများ၊ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရမည်ဖြစ်ပါကြောင်း၊ အတက်၊ အကျကြမ်းသည့် လဲလှယ်နှုန်းမဖြစ်ပေါ်စေရန် အရေးကြီးပါကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ပြည်သူများ သိလိုသည့် သတင်းများနှင့် ပတ်သက်၍ စုံစမ်းမေးမြန်းလိုပါက စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ကုန်သွယ်မှုမြှင့်တင်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး ဖုန်း ၀၆၇-၄၀၈၀၁၈ သို့ ဆက်သွယ်မေးမြန်းနိုင်ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ကုန်သည်/စက်မှုအသင်းချုပ် သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ အတည်ပြု

**ရန်ကုန် မေ ၃၁**

မြန်မာနိုင်ငံ၏ တိုးတက်ပြောင်းလဲနေသော အခြေအနေနှင့် လိုက်လျောညီထွေ ဖြစ်စေရန်အလို့ငှာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းအသစ်နှင့် စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းအတည်ပြုချက်ရယူရန် ကုန်သည်/စက်မှုအသင်းချုပ်၏ အသင်းသားစုံညီအထူးအစည်းအဝေးကို မေ ၂၆ ရက် မွန်းလွဲ ၁ နာရီတွင် အသင်းချုပ် ပထမထပ်ခန်းမကြီး၌ ကျင်းပသည်။

အဆိုပါ အသင်းသား စုံညီအထူး အစည်းအဝေးတွင် သဘာပတိအဖွဲ့ဝင်များအဖြစ် ဦးမောင်မောင်၊ ဦးခင်မောင်ရီ၊ ဦးလှမြင့်သိန်း၊ ဦးထွန်းအေးနှင့် ဒေါက်တာအောင်ထွန်းသက်တို့က ဆောင်ရွက်ကြပြီး ရှေးဦးစွာ သဘာပတိအဖွဲ့ခေါင်းဆောင်ဦးမောင်မောင်က အဖွင့်အမှာစကားပြောကြားသည်။ ဆက်လက်၍ အသင်းချုပ်၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများ ပြန်လည်ပြင်ဆင်ရေးဆွဲပြုစုရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ကုန်သည်/စက်မှုအသင်းချုပ်၏ ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက အသစ်ပြင်ဆင်ရေးဆွဲပြုစုထားသော သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် တက်ရောက်လာကြသော အသင်းသားများက ၎င်းတို့၏ အမြင်များ၊ အကြံပြုချက်များ ဆွေးနွေးတင်ပြကြသည်ကို သဘာပတိအဖွဲ့နှင့် တာဝန်ရှိသူများက ဆွေးနွေးဖြေကြားကြပြီး သဘာပတိအဖွဲ့ ခေါင်းဆောင်က တက်ရောက်လာသော အသင်းသားများ၏ သဘောဆန္ဒကိုမေးမြန်းရာ တက်ရောက်လာသောအသင်းသားများက သဘောတူညီကြောင်း တညီတညွတ်တည်း ဆန္ဒပြုကြသဖြင့် ကုန်သည်/စက်မှု အသင်းချုပ်၏ သင်းဖွဲ့မှတ်တမ်းနှင့် သင်းဖွဲ့စည်းမျဉ်းများကို အတည်ပြုကြောင်း ကြေညာသည်။

ယင်းနောက် ကုန်သည်/ စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ကုန်သည်/စက်မှု အသင်းချုပ်၏ အလုပ်အမှုဆောင်နှင့် ဗဟိုအလုပ်အမှုဆောင်များ ရွေးချယ်ပွဲကို သင်းဖွဲ့စည်းမျဉ်းများနှင့်အညီ ဇွန် ၉ ရက်ဝန်းကျင်တွင် ကျင်းပရန်စီစဉ်လျက်ရှိကြောင်းနှင့် သတ်မှတ်အရည်အချင်းနှင့်ညီညွတ်သော အသင်းသားများအနေနှင့် အသင်းချုပ်အလုပ်အမှုဆောင်အဖွဲ့ဝင်အဖြစ် ရွေးချယ်ခံရန် ဆန္ဒပြုနိုင်ရေးအတွက် Website, Email, Fax များဖြင့်လည်းကောင်း၊ မီဒီယာများနှင့် ကုန်သည်/စက်မှုအသင်းချုပ်၏ ကြော်ငြာသင်ပုန်းများတွင်လည်းကောင်း ဖော်ပြကြေညာသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားကာ သဘာပတိ အဖွဲ့ခေါင်းဆောင်က နိဂုံးချုပ်အမှာစကားပြောကြားကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာ နိုင်ငံတကာရုပ်ရှင်ပွဲတော် ကျင်းပမည်

**ရန်ကုန် မေ ၃၁**

ရန်ကုန်မြို့တွင် ၂၀၁၃ ခုနှစ်ဇွန် ၁၅ ရက်မှ ၁၉ ရက်အထိ လူ့အခွင့်အရေးနှင့် လူ့ဂုဏ်သိက္ခာနိုင်ငံတကာ ရုပ်ရှင်ပွဲတော်ကို ကျင်းပမည်ဖြစ်ကြောင်း ဒါရိုက်တာမင်းထင်ကိုကိုကြီး ပြောပြချက်အရ သိရသည်။

ထိုပွဲတော်တွင် ပြသရန် ပြည်တွင်းမှ ယှဉ်ပြိုင်သည့် ဇာတ်ကား ၃၇ ကားအနက် ဆန်ခါတင် ၂၈ ကား ရွေးချယ်ထားကြောင်း၊ ထိုကားများမှာ Documentary ရှစ်ကား၊ Short Film ၁၁ ကား၊ Animation ကိုးကား စုစုပေါင်း ၂၈ ကား ဆန်ခါတင် ရွေးချယ်ထားကြောင်း၊ ဒေါ်ဆွေဇင်ထိုက်၊ ဦးမင်းကိုနိုင်နှင့် ဦးမင်းထင်ကိုကိုကြီးတို့မှ ဆုရွေးချယ်မည်ဖြစ်ကြောင်း၊ ဒေါ်အောင်ဆန်းစုကြည်ဆု၊ မင်းကိုနိုင်ဆုနှင့် မြန်မာနိုင်ငံ လူ့အခွင့်အရေးနေ့ဟု အများသဘောတူ လက်ခံထားသော မတ် ၁၃ ဆုများကို ရွေးချယ် ချီးမြှင့်မည်ဖြစ်ကြောင်း၊ ပြိုင်ပွဲဝင်ကားများ၏ အနုပညာ၊ အတတ်ပညာ၊ အရည်အသွေးနှင့် သက်ဆိုင်သော နိုင်ငံတကာရုပ်ရှင်ပွဲတော်များတွင် ပါဝင်နိုင်ဖို့ရှိကြောင်း သိရသည်။

**(ရွှေထူး)**

## သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ကုသရေးနှိုးဆော်ချက်

သွေးလွန်တုပ်ကွေးရောဂါသည် ရေကြည်ရေသန့်တွင် ပေါက်ပွားသော အေးဒီးစ်(ခေါ်) ခြင်ကျား(ခြင်ပုန်း)အကိုက်ခံရခြင်းကြောင့် ကူးစက်ဖြစ်ပွားသော ရောဂါဖြစ်သည်။ သွေးလွန်တုပ်ကွေးရောဂါသည် အသက်အရွယ်မရွေး၊ ကလေး လူကြီးအားလုံးတွင် ဖြစ်ပွားနိုင်ပါသည်။ အသက်(၁၅)နှစ်အောက် ကလေးများတွင် ပိုမိုဖြစ်ပွားပြီး သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားလျှင် စောစီးစွာ မကုသပါက အသက်သေဆုံးနိုင်သဖြင့် အချိန်မီ ကာကွယ်ကုသရန် အထူးလိုအပ်ပါသည်။

သို့ဖြစ်၍ ခြင်ကျား(ခေါ်)ခြင်ပုန်း မပေါက်ပွားစေရန်နှင့် မိမိတို့ ရင်သွေးငယ်များ ခြင်ကိုက်မခံရစေရန် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်ကြရန် နှိုးဆော်အပ်ပါသည်-

၁။ ကလေးများအား အင်္ကျီလက်ရှည်၊ ဘောင်းဘီရှည် ဝတ်ဆင်ပေးပါ။
၂။ ကလေးများ အိပ်သည့်အခါတိုင်း နေ့/ည မရွေး ခြင်ထောင်ဖြင့် အိပ်ပါ။
၃။ လေကောင်း၊ လေသန့်နှင့် အလင်းရောင်ရရှိစေရန် ပြတင်းပေါက်များ ဖွင့်ထားပါ။
၄။ အိမ်တွင်း၊ အိမ်ပြင် ပတ်ဝန်းကျင်သန့်ရှင်းစွာထားပါ။
၅။ အိမ်ပတ်ဝန်းကျင်ရှိ ရေဝပ်နိုင်သော ချိုင့်ခွက်များတွင် ပိုးလောက်လမ်း မပေါက်ပွားနိုင်အောင် မြေဖို့ပါ။
၆။ ရေသိုလှောင်သည့် ရေစည်၊ ရေအိုးများ၊ ရေလှောင်ကန်များတွင် ပိုးလောက်လမ်း မပေါက်ပွားစေရန် လုံခြုံစွာ ဖုံးအုပ်ထားပါ။
၇။ ဘုရားစင်၊ နတ်စင်များမှ ပန်းအိုးများနှင့် အလှပန်းအိုးများ၊ ရေအိုးများကို ပိုးလောက်လမ်းများ ကင်းစင်စေရန် နေ့စဉ်တိုက်ချွတ်၍ ရေလဲလှယ်ပေးပါ။
၈။ ဘူးခွံ၊ ပုံးခွံ၊ တာယာဟောင်းများ၊ အိုးခြမ်းပဲ့၊ ပလတ်စတစ်အိတ်၊ အုန်းမှုတ်ခွက် စသည့် မိုးရေတင်ကျန်နိုင်သော နေရာများတွင် ပိုးလောက်လမ်းများ ပေါက်ပွားနိုင်၍ မီးရှို့ခြင်း၊ မြေမြှုပ်ခြင်းပြုလုပ်၍ ရှင်းလင်းပါ။
၉။ ကျန်းမာရေးဝန်ကြီးဌာနမှ ဆောင်ရွက်လျက်ရှိသော သွေးလွန်တုပ်ကွေး ကာကွယ်ရေးလုပ်ငန်းများ၌ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါ။
၁၀။ ရပ်ကွက်/ကျေးရွာများအတွင်း သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်ရေးလုပ်ငန်းများဖြစ်သည့် (ဖုံး၊ သွန်၊ လဲ၊ စစ်)လုပ်ငန်းများကို ပြည်သူလူထုမှ နေ့စဉ်၊ အပတ်စဉ် ပူးပေါင်းဆောင်ရွက်ပါ။

သွေးလွန်တုပ်ကွေးရောဂါဖြစ်ပွားသည်ဟု သံသယရှိသော ကလေးများကို ဆေးရုံ၊ ဆေးခန်းများသို့ အချိန်မီ ပို့ဆောင်ဆေးကုသမှု ခံယူရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**



ယ်အသီးသီး၏
းဆုံး ၂၈ ဒီဂရီ
းဆုံး ၄၆ ဒီဂရီ
ရှိနေသည်ဟု

ား

မုတ်သုံမိုးမှာ
လ့ရှိသော်လည်း
းသည့်အတွက်
အလဲခံစားနေရ
လှိုင်းရိုက်ခတ်မှု
ရခန်းခြောက်မှု
လူနာများ
းတွင် ပြည့်နှက်
စက်ရောဂါများ
သည်ဟု ဒေသခံ
ပြောကြား

ပး

မုတ်သုံမိုးမရွာ
လည်း ကျဆင်း
အပူလှိုင်းဒဏ်
းနေရဦးမည်ဟု
နက သတိပေး
အိန္ဒိယတိုင်းမ်။

ိန်မြင့်(၅၅)နှစ်
တာဂီလမ်း မ၊ ည
ွလာနေသူအား
်ရေးလုပ်ငန်းမှ
င်နီယာ ဦးသန်း
ျိုလုပ်တိုင်ကြား
ွလာရဲစခန်းက
်မှုပုဒ်မ ပြည်သူ
်စောင့်ရှောက်
)ဖြင့် ဒု-ရဲအုပ်
စုံစမ်းအရေးယူ
ကြောင်း သိရ
(၀၃၅)

ဲအစီး ၂၀ ဖြင့်
နယ်အထွေထွေ
းစိုးမြင့်ဝင်းနှင့်
ို့နယ်စည်ပင်
ီမှ တာဝန်ရှိသူ
် အင်ဂျင်နီယာ
းက လာရောက်
ကြောင်းနှင့် ပိုင်ရှင်
အား အမှတ်
မှုဖွင့်အရေးယူ
ကြောင်း သိရသည်။
အနေဖြင့် မီးနှင့်
အမှတ်မဲ့ မနေ
မီးလောင်ကျွမ်း
သတ်တပ်ဖွဲ့ဝင်
သည်။ (ဘဦး)




## မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်အကျဉ်း

၁-၆-၂၀၁၃ (စနေနေ့)

[၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၈ ရက်၊ ဥပုသ်နေ့]

| | |
|---|---|
| ၆း၀၀ | မင်းကွန်းဆရာတော်ကြီး၏ပရိတ်တရားတော် |
| ၈း၂၀ | အိန္ဒိယရုပ်ရှင် "ဖြူစင်မေတ္တာ"(အပိုင်း-၇၂) |
| ၉း၂၀ | "ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ" (ဂီတရိပ်သာ) (အပိုင်း-၁) |
| ၉း၅၀ | နိုင်ငံခြားဇာတ်လမ်းတွဲ "မေတ္တာသစ္စာ" (အပိုင်း -၄၂) |
| ၁း၂၅ | မြန်မာရုပ်ရှင် "ကျွန်းကလေးမှာ နှစ်ယောက်ထဲ" (ကျော်မောင်မောင်သွင်၊ မေဝင်းမောင်) (ဒါရိုက်တာ-စိန်ဖေတင်) |
| ၃း၁၅ | မြန်မာရုပ်ရှင် "ကျွန်းကလေးမှာ နှစ်ယောက်ထဲ" (ကျော်မောင်မောင်သွင်၊ မေဝင်းမောင်) (ဒါရိုက်တာ-စိန်ဖေတင်) |
| ၃း၂၅ | နိုင်ငံခြားဇာတ်လမ်းတွဲ"နိမိတ်ပုံရိပ်" (အပိုင်း-၄) |
| ၆း၄၅ | နိုင်ငံခြားဇာတ်လမ်းတွဲ"နေရောင်အောက်က သတို့သမီး" (ဒုတိယတွဲ) (အပိုင်း -၈) |
| ၉း၀၀ | ပြည်တွင်းသတင်း<br>ပျော်ရွှင်စေသောနေ့ရက်များ<br>"ယောက္ခမရုပ်ရည်"(အပိုင်း-၁၀)<br>(မြင့်မြတ်၊ စိုးမြတ်သူဇာ၊မယ်လိုဒီ)<br>[ဒါရိုက်တာ-ကျော်ဇောလင်း(အတွေးပုံရိပ်)] |



# မြို့ကော့သောင်းရှိ မြန်မာ့သူရဲကောင်း ဘုရင့်နောင်ရုပ်တု

ကော့သောင်း မေ ၃၁

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ တောင်ဘက်အစွန်ဆုံးရှိ တနင်္သာရီတိုင်းဒေသကြီးအတွင်း အောက်ဘက်အစွန်ဆုံးကော့သောင်းမြို့လေးကို ရောက်ဖူးသူရှိသလို မရောက်ဖူးသေးသူများလည်း ရှိကြပေလိမ့်မည် ဖြစ်သည်။

ကော့သောင်းမြို့လေးသည် ပင်လယ်နှင့် နီးကပ်စွာရှိသည့် သာယာလှပသောမြို့လေးတစ်မြို့ ဖြစ်သည်။ ထိုကော့သောင်းမြို့လေးတွင် မြန်မာနိုင်ငံကို ထူထောင်ခဲ့ကြသော အထင်ကရဘုရင့်နောင်မင်းတရားကြီး ရုပ်တုကုန်းမြေကို တည်ဆောက်ခြင်းကြောင့် တစ်ဖက်ထိုင်းနိုင်ငံမှတစ်ဆင့်ဝင်၊ ထွက်လည်ပတ်ကြသော နိုင်ငံခြားခရီးသွားများနှင့် ပြည်ပမှ လာရောက်လည်ပတ်ကြသော ဧည့်သည်များ အထူးစိတ်ဝင်စားမှုကိုခံရသော မြို့လေးတစ်မြို့ဖြစ်သည်။ အဆိုပါ ဘုရင့်နောင့်မင်းတရားကြီးရုပ်တုကို မြန်မာ့ဇာတိသွေး၊ဇာတိမာန်တက်ကြွစေရန် အချုပ်အခြာအာဏာပိုင်မှုကိုဖော်ပြရန်နှင့် နိုင်ငံတော်၏ အမွန်အမြတ်မြေပေါ်တွင် ဦးခိုက်ဂါရဝပြုနိုင်စေရန် ဆိုသည့်ရည်ရွယ်ချက်များဖြင့် ၁၉၉၄ ခုနှစ် ဩဂုတ် ၁၅ ရက်တွင် မြေအကျယ်အဝန်း ၉ဒသမ ၃၄၇ ဧကရှိ ကော့သောင်းမြို့ ကုန်းမြေပေါ် အရှေ့လောင်ဂျီတွဒ် ၉၈ ဒသမ ၃၃ မိနစ် ၂၀ စက္ကန့်နှင့် မြောက်လတ္တီတွဒ် ၉ ဒီဂရီ ၅၈ မိနစ် ၃၀ စက္ကန့်တွင် စတင်တည်ဆောက်ခဲ့ရာ ၁၉၉၄ ခုနှစ်နိုဝင်ဘာ ၂၂ ရက်တွင် ပြီးစီးဖွင့်လှစ်နိုင်ခဲ့သည်။

အဆိုပါ ဘုရင့်နောင်မင်းတရားကြီးရုပ်တုကို ပန်းပုဆရာကြီး ဦးဟန်တင်က သံကူကွန်ကရစ်နည်းပညာဖြင့် ပုံဖော်ထုဆစ်ခဲ့ပြီး ခြေဖျားမှ ဦးခေါင်းအထိအမြင့် ၁၄ ပေရှိပြီး ဦးထုပ်ထိပ်ချွန်အထိပါဆိုလျှင် ၁၅ ပေ ၁၀ လက်မအထိ ရှိသည်။ ကမ္ပည်းမော်ကွန်းကျောက်စာကို မြန်မာ့သမိုင်းအဖွဲ့ဝင်များဖြစ်ကြသော ဒေါက်တာခင်မောင်ညွန့်နှင့် ဦးမောင်မောင်တင်တို့ကရေးသားပြုစုကာ မန္တလေးစကျင်ကျောက်ပေါ်တွင် အက္ခရာကမ္ပည်းရေးထိုးကာ ရုပ်တုရင်ပြင်အခြေ၌ ၁၉၉၆ ခုနှစ် ဇွန်လတွင် အပြီးစိုက်ထူခဲ့သည်။

ရုပ်တု၏ ကုန်းမြေဝန်းကျင် သာယာလှပရေးလုပ်ငန်းများကို ဒေသအာဏာပိုင် အဆင့်ဆင့်ကြီးကြပ်မှုများဖြင့် စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ကြပြီး သူဌေးကျွန်းဟိုတယ်ပိုင်ရှင်က လှူဒါန်းမှုခန့်မှန်းငွေ ၂၃၆ သိန်းနှင့် နိုင်ငံတော်၊ ဒေသရန်ပုံငွေ ငွေကျပ် ၄၃၇ သိန်းကျော် အကုန်အကျခံသုံးစွဲကာ ခံ့ညားထည်ဝါစွာဖြင့် မြန်မာ့ရာဇဝင်ထဲက သူရဲကောင်းတစ်ဦး၏ရုပ်တုကြီးကို တည်ဆောက်ထားသော၊ သာယာလှပသော၊ မြန်မာ့ဇာတိသွေးဇာတိမာန်ကို ထင်ဟပ်ကိုယ်စားပြုသောပုံရိပ်များဖြင့် ထုံမွှမ်းသင်းပျံ့နေသည့် မြန်မာနိုင်ငံတောင်ဘက် တနင်္သာရီတိုင်းဒေသကြီး၏အောက်ဘက်အစွန်ဆုံး ကော့သောင်းမြို့ကိုတစ်ခါတစ်ခေါက် အရောက်လာလည်ခဲ့ဖို့ ဖိတ်ခေါ်သတင်းကောင်းပါးအပ်ပါသည်။

မောင်မောင်ကျော်စိုး(သတ္တဗေဒ)

## ကျောက်မဲခရိုင် ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲအခမ်းအနားကျင်းပ

ကျောက်မဲ မေ ၃၁

ရှမ်းပြည်နယ် ကျောက်မဲခရိုင် ပဉ္စမကာလတို ငါးနှစ်စီမံကိန်း တတိယနှစ်ဖြစ်သော ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်ဒေသန္တရစီမံကိန်းရည်မှန်းချက်တာဝန်များ ပေးအပ်ပွဲအခမ်းအနားကို မေ ၂၉ ရက် နံနက် ၉ နာရီတွင် ကျောက်မဲခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် ဒေသန္တရစီမံကိန်း ရည်မှန်းချက်များ အောင်မြင်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် မိမိတို့၏ သက်ဆိုင်ရာကဏ္ဍအလိုက် ရည်မှန်းချက်တစ်ခုချင်းအပေါ် လိုအပ်သော လုပ်ငန်းအစီအစဉ်များ၊ လုပ်ငန်းအချိန်ဇယားများ စီမံချက်ရေးဆွဲ၍ စနစ်တကျကြိုးပမ်းဆောင်ရွက်ရန် မှာကြားခဲ့ပြီး ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးဝင်းနိုင်ဦးက ၂၀၁၂-၂၀၁၃ ဘဏ္ဍာနှစ် စီမံကိန်းလျာထားချက်များအပေါ် ဆောင်ရွက်နိုင်မှုအခြေအနေများကို ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ခရိုင်အုပ်ချုပ်ရေးမှူး ဦးစိုးနိုင်က ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ် စီမံကိန်းတာဝန်များကို ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် ကျောက်မဲခရိုင်အတွင်းရှိ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူးများအား စီမံကိန်းတာဝန်များ အသီးသီးတာဝန်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

(ခရိုင်ပြန်/ဆက်)

## ရန်ကုန်ဆန်စျေးကွက်စျေးနှုန်းများပြန်ကျ

ရန်ကုန် မေ ၃၁

ယခုရက်ပိုင်းအတွင်း ရန်ကုန်ဆန်စျေးကွက်တွင် ဆန်ကြမ်း၊ ဖွဲနု၊ဆန်ကွဲအသေးစျေးနှုန်းများ ပြန်ကျလာကြောင်း ဆန်စျေးကွက်မှ သိရသည်။

မေ ၃၀ ရက် ဆန်စျေးကွက်တွင် နွေဆန်တစ်အိတ်လျှင် ငွေကျပ် ၁၆၈၀၀ မှ ၁၇၃၀၀ အတွင်း၊ ပေါ်ကျွဲ တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀၀ မှ ၂၀၅၀၀ အတွင်း၊ ၂-၃-၄ အမျိုးအစားဆန်ကွဲတစ်အိတ်လျှင် ငွေကျပ် ၁၀၈၀၀ နှုန်းသာရှိကြောင်း သိရသည်။

ယခင်မေလလယ်အတွင်း နွေဆန်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀ နှုန်း၊ ပေါ်ကျွဲတစ်အိတ်လျှင် ငွေကျပ် ၂၁၀၀၀ နှုန်းထိစျေးမြင့်လာပြီးနောက် ယခုကဲ့သို့ စျေးကျလာခြင်းဖြစ်ကြောင်း၊ ဆန်ကွဲစျေးနှုန်းများမှာ တရုတ်နယ်စပ်နှင့် ပြည်ပအပို့များလာသဖြင့် မေလနောက်ဆုံးပတ်အတွင်း ၂-၃-၄ အမျိုးအစား ဆန်ကွဲအသေးတစ်အိတ်လျှင် ငွေကျပ် ၁၁၅၀၀ ဝန်းကျင်သို့ စျေးမြင့်လာပြီး စျေးနှုန်းပြန်လည်ကျဆင်းလာခြင်းဖြစ်ကြောင်း ဆန်၊ ဆန်ကွဲကုန်သည်များက ဆိုသည်။

သကြ်န်မတိုင်မီ နယ်စျေးကွက်တွင် ကြိုဝယ်ထားသော ဆန်ကြမ်းများ ယခုလပိုင်းမြစ်ဝကျွန်းပေါ်ဒေသမှ မန္တလေးသို့ ဆန်တစ်အိတ် သဘော်သယ်ယူပို့ဆောင်ခ ကျပ် ၁၁၀၀ နှုန်းဖြင့် တင်ပို့ပြီး မန္တလေးဆိပ်ကမ်း သဘော်ပေါ်စျေးနှုန်းပေါင် ၁၁၀ လျှင် ငွေကျပ် ၁၉၀၀၀ နှုန်းဖြင့် ရောင်းချကြရသဖြင့် ကြိုဝယ်သမားများ ဆန်တစ်အိတ်လျှင် ငွေကျပ် ၂၀၀၀ ဝန်းကျင်အမြတ်ရရှိရာ ယခုနှစ်တွင် အကျိုးအမြတ်ပိုရရှိသည်ဟု သိရသည်။ ဆန်ကြိုဝယ်ရာတွင် ဆန်တန်ဖိုး အပြည့်ပေးရသည်ဟု သိရသည်။

ရန်ကုန်ဘုရင့်နောင်ပွဲရုံဝင်းတွင်လည်း နယ်စပ်ပို့ရန် ဆန်၊ ဆန်ကွဲများပြန်လည်ပြုပြင်အိတ်သွတ်ခြင်း၊ ကားတင်-ကားချ လုပ်ငန်းများရှိခြင်းတို့ကြောင့် ပွဲရုံလုပ်သားများ၊ ကျပန်းအလုပ်သမားများ ဝင်ငွေကောင်းကြကြောင်း သိရသည်။

ဘုရင့်နောင်ပွဲရုံဝင်းသို့ မြစ်ဝကျွန်းပေါ်ဒေသ ဖြစ်သော ပုသိမ်မှ နေ့စဉ်ခြောက်ဘီးကားများ၊ ကန်ကြီးထောင့်- ဒါးကမှ ခြောက်ဘီး၊ ၁၂ ဘီးကားများ ယခင်နှစ်ကကဲ့သို့ အဝင်ရှိသဖြင့် ရန်ကုန်မှအပြန် ကုန်တင်ပို့မှုတွင် ကားရှားခြင်းမရှိကြောင်း ပုသိမ်သို့ကုန်ပို့ ကားဂိတ်များမှသိရသည်။

ကားလမ်းမှ ဆန်တစ်အိတ်ကားခ ကျပ် ၅၅၀-၆၀၀ နှုန်းဖြင့် အဝင်ရှိသကဲ့သို့ ရေလမ်းခရီးဖြင့်လည်း သဘော်ခ တစ်အိတ် ကျပ် ၂၅၀၀ဝန်းကျင်ဖြင့် ရန်ကုန်သို့ နေ့စဉ်အမြောက်အမြားဝင်ရောက်နေကြောင်း၊ ဆန်ကွဲဆိုလျှင် ရန်ကုန်တွင် စျေးတက်ချိန် စောင့်ရောင်းရန် အမြောက်အမြားရှိသကဲ့သို့ စျေးနှုန်းအတက်၊ အကျ စောင့်ဆိုင်းနေသော နယ်ဆန်စက်ပိုင်ရှင်များလည်းရှိကြောင်း၊ တရုတ်နယ်စပ်ပို့သော ဖွဲနုများကြောင့် ပြည်တွင်းမွေးမြူရေးလုပ်ငန်းများ အခက်အခဲရှိနိုင်သည်ဆိုသော်လည်း ဖွဲနုတစ်ပေါင်လျှင် ယခင်ရက်ပိုင်းက ကျပ် ၉၀ ဝန်းကျင်ရှိရာမှ ယခုရက်တွင် ၈၃ ကျပ်သာ ရှိကြောင်း သိရသည်။

ယခုနှစ်တွင် ဆန်လုပ်ငန်းရှင်များ အကျိုးအမြတ်များသကဲ့သို့ ပွဲရုံအလုပ်သမားများ၊ စိုက်ပျိုးသူလယ်သမားများ ပါဝင်ငွေကောင်းသည်ဟု သိရသည်။ (မောင်စေအောင်)

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

(၃၁-၅-၂၀၁၃)

မာန်အောင်မြို့
၃ ဒသမ ၉၄ လက်မ
ခန္တီးမြို့
၃ ဒသမ ၁၉ လက်မ
ပုသိမ်မြို့
၂ ဒသမ ၉၉ လက်မ
မြောင်းမြမြို့
၂ ဒသမ ၈၇ လက်မ
ဟုမ္မလင်းမြို့
၂ ဒသမ ၁၈ လက်မ
ကျောက်တော်မြို့
၁ ဒသမ ၈၅ လက်မ





## နိုင်ငံ့ဝန်ထမ်းဥပဒေ ထုတ်ဝေ



နိုင်ငံ့ဝန်ထမ်းဥပဒေကို ၂၀၁၃ ခုနှစ် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ၅။ အဖြစ်ပြဋ္ဌာန်းခဲ့ပြီး နိုင်ငံတော်သမ္မတက ၂၀၁၃ ခုနှစ် မတ်လ ၈ရက်နေ့တွင် လက်မှတ်ရေးထိုးထုတ်ပြန်ခဲ့ပြီးဖြစ်သည်။ အဆိုပါ နိုင်ငံ့ဝန်ထမ်းဥပဒေကို ပြည်ထောင်စု ရာထူးဝန်အဖွဲ့က စာအုပ်အဖြစ်ထုတ်ဝေဖြန့်ချိလျက်ရှိသည်။

နိုင်ငံ့ဝန်ထမ်းဥပဒေစာအုပ်တွင် အခန်း(၁၄)ခန်းပါရှိပြီး ဝန်ထမ်းများရွေးချယ်ခန့်ထားခြင်း၊ လစာ၊ ထောက်ပံ့ကြေး၊ ခရီးစရိတ်နှင့် အခြားစရိတ်များ၊ ခွင့်ခံစားခြင်း၊ ရာထူးတိုးမြှင့်ခြင်း၊ ချီးမြှင့်ခြင်း၊ လေ့ကျင့်ပညာပေးခြင်း၊ ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်ဒဏ်ချမှတ်ခြင်းနှင့် အယူခံခြင်းနှင့် အငြိမ်းစားယူခြင်းကိစ္စရပ်များပါရှိပါသည်။ နိုင်ငံ့ဝန်ထမ်းဥပဒေကို နေပြည်တော်တွင် ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရုံးအမှတ်(၁၇)နှင့် ဝင်းသူဇာအရောင်းဆိုင်တို့တွင်လည်းကောင်း၊ ရန်ကုန်မြို့တွင် အမှတ် (၆၅) အဝေရာလမ်း မေတ္တာညွန့်ရပ်ကွက် တာမွေမြို့နယ်ရှိ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ရန်ကုန်ရုံးခွဲ၊ အင်းဝစာအုပ်တိုက်နှင့် စာပေဗိမာန်စာအုပ်ဆိုင်တို့တွင်လည်းကောင်း တစ်အုပ်လျှင် ငွေကျပ် ၅၀၀ ဖြင့် ဝယ်ယူနိုင်ကြောင်းသိရသည်။

---

## ဇွန်လထုတ် သုတပဒေသာ စာစောင်ဖြန့်ချိ



ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း စာပေဗိမာန်က လစဉ်ထုတ်ဝေလျက်ရှိသော သုတပဒေသာ စာစောင် အတွဲ (၄၀)၊ အမှတ် (၆)၊ ၂၀၁၃ ခုနှစ် ဇွန်လထုတ်ကို ဘာသာပြန်စာပေ စိတ်ဝင်စားသော စာဖတ်ပရိသတ်အတွက် ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

ဇွန်လထုတ် သုတပဒေသာ စာစောင်တွင် ဆရာကြီး ဦးဘသန်း (မဟာဝိဇ္ဇာ)နှင့် မင်းကြော့ရှိန်တို့၏ ဘာသာပြန်ကဗျာများ၊ စည်သူ ဒေါက်တာခင်မောင်ညွန့်၏ ဗဟိုအာရှ အက်စ်စီအိုတို့နှင့် အိန္ဒိယချိတ်ဆက်လာခြင်း ဆောင်းပါး၊ စည်သူဌေးမောင်၏ ဘီလီ၏ သူငယ်ချင်းဝတ္ထုတို၊ မောင်ပေါ်ထွန်း၏ ပန်းတိုင်အတိအကျ သတ်မှတ်ပါ ဆောင်းပါး၊ ဆောင်းဝင်းလတ်၏ သုတအဖြာဖြာ အဏ္ဏဝါဝယ် ဆောင်းပါး၊ ကေကေ (မဟာဝိဇ္ဇာ)၏ ၂၁ ရာစု လေသူရဲအသုံးအဆောင်များ ဆောင်းပါး၊ စိုးစိုး(ပန်းတောင်း)၏ အမုန်းမဲ့ကမ္ဘာ ဖြစ်ရပ်မှန်ဇာတ်လမ်း၊ မောင်မြင့်ကြွယ်၏ မရှိမဖြစ် အပြုသဘောဆောင်သော အကောင်းမြင်စိတ်သဘောထားဖြစ်သည့် ပန်းတိုင်များကို သတ်မှတ်ခြင်း၊ စိတ်ခွန်အားဆောင်းပါး၊ ဒေါက်တာမြင့်သန်း(သန္တေသား)၏ ခေါင်းကိုက်ပျောက်ဆေးက ခေါင်းပြန်ကိုက်စေနိုင်သည်ဆိုသော ဓာတ်မီ ဆေးပညာရပ်ဆိုင်ရာ နောက်ဆုံးပေါ် လေ့လာတွေ့ရှိချက်များ ဆောင်းပါး၊ ကိုကိုအောင်(အလုပ်သမား)၏ ကွန်ပျူတာ၊ မိုဘိုင်းဖုန်း၊ တယ်လီဗီးရှင်း၊ ရေခဲသေတ္တာ၊ အဝတ်လျှော်စက်စသော အီလက်ထရွန်နစ်စွန့်ပစ္စည်း (e-waste) ဆားကစ်ပြားများမှ ရွှေ၊ ငွေ၊ ကြေး၊ သတ္တုများ ပြန်လည်ထုတ်ယူခြင်း ဆောင်းပါးများနှင့်အတူ ဖိုးရန်နိုင်(ကျောက်ကြီး)၊ ကြည်ရွှန်း၊ တင်ညွန့်၊ မောင်ဝင်းသူ (ဝါးခယ်မ)၊ ကျော်ရှင်း၊ မျိုးခင်(ရွှေပြည်သာ)၊ စိန်ဝင်းမော်၊ မောင်သိန်းလှိုင်၊ ဒေါက်တာခင်သီတာညွန့်တို့၏ လစဉ်ပါနေကျ နိုင်ငံတကာ ဗဟုသုတဆောင်းပါးများ၊ ဝတ္ထု၊ ဟာသ၊ ကဗျာ၊ ဘာသာပြန် စာအုပ်အညွှန်းနှင့် မေတ္တာစကား၊ ဖတ်သမျှ ဒဿန စသည့် ကဏ္ဍများစုံလင်စွာ ပါရှိသည်။

သုတပဒေသာ စာစောင်ကိုတစ်အုပ်လျှင် ငွေကျပ် ၁၆၀၀ ဖြင့် ရန်ကုန်မြို့ရှိ စာပေဗိမာန် စာအုပ်ဆိုင်၊ နေပြည်တော် သပြေကုန်းစျေးရှိ စာပေဗိမာန်စာအုပ်ဆိုင်၊ ရန်ကုန်မြို့ရှိ စာအုပ်ဆိုင်များနှင့် မြို့အသီးသီးရှိ စာပေဗိမာန် အရောင်းကိုယ်စားလှယ်များထံတွင် ဝယ်ယူရရှိနိုင်ပြီး လက်ကား ဝယ်ယူလိုပါက စာပေဗိမာန် အရောင်းဌာန အမှတ် ၅၂၉-၅၃၁ ကုန်သည်လမ်း ရန်ကုန်မြို့ ဖုန်း ၀၁-၂၄၉၀၃၁၊ ၃၈၁၄၄၈ သို့ ဆက်သွယ်ဝယ်ယူနိုင်သည်။ www.moi.gov.mm/ppe Website တွင်လည်း ဖတ်ရှုနိုင်သည်။

# အသက်သခင်ကျေးဇူးရှင်များ

**အောင်ကျော်ညို(ဆင်ချဆိပ်)**

"မဟာစင်"နှင့်အတူ မုတ်သုံမိုးက ထက်ကြပ်မကွာ လိုက်လာသည်။ အပူရှိန်ကြောင့် နွမ်းလျနေသော မိမိတို့နိုင်ငံသည် မိုးစက်မိုးပေါက်တွေအောက်မှာ လန်းဆန်းမြူးကြွနိုးထလာခဲ့ပြီ။ သစ်တောသစ်ပင်ချစ်ခင်သည့် နိုင်ငံသားများပီပီ မိုးသံလေသံကြားသည်နှင့် စိုက်ကြပျိုးကြ မျိုးစေ့ချဖို့ တာစူလာနေကြပါပြီ။

ယနေ့ မိမိတို့မှီတင်းနေထိုင်ရာ မြေကမ္ဘာ လေထုတွင် ကာဗွန်အဆမတန်လွန်ကဲလာနေသည်။ ကာဗွန်ကိုစုပ်ယူထားသော ကမ္ဘာ့ရေထုအတွင်းတွင်လည်း အက်စစ်ဓာတ်ပျော်ဝင်မှုများပြားလွန်းနေသည်။ ရေနေသတ္တဝါများ မျိုးသုဉ်းမှုအန္တရာယ်နှင့် ကြုံတွေ့လာနေရသည်။ ကမ္ဘာ့အိုဇုန်းလွှာ ဟောင်းလောင်းပေါက်ဖြစ်လာသည်။ ခရမ်းလွန်ရောင်ခြည်များ အတားအဆီးမဲ့ ဝင်ရောက်လာသည်။ ရာသီဥတုဖောက်လွဲဖောက်ပြန် ပြောင်းဆန်လာနေသည်။ ကမ္ဘာ့ဂေဟစနစ် ထိန်းမနိုင်သိမ်းမရ ယိုယွင်းပျက်စီးလာသည်။

ဤသို့ ကမောက်ကမဖြစ်စဉ်များ၏ မူလပထမ အဓိကတရားခံသည် ကာဗွန်လွန်ကဲမှု။ စက်မှုထိပ်သီးနိုင်ငံများကို အပြစ်ဖို့ကြသည်။ သစ်တောပြုန်းတီးမှုကို လက်ညှိုးဝိုင်းထိုးကြသည်။ မှန်၏။ သူ့ချည်းလော။ မဟုတ်သေးပါ။ လူတို့၏ သာမန်မျက်စိနှင့်မမြင်ရသည့် အမှောင့်ပယောဂများလည်း ရှိနေသေးသည်။ ဤလျှို့ဝှက်ချက်ကို တစ်ချိန်က "လောပဆမ်ရမ်ပ" အမည်ရှိ တိဘက်လားမား ဘုန်းတော်ကြီးတစ်ပါး ဖော်ထုတ်ရေးသားခဲ့သည်။ "တတိယမျက်လုံး"အမည်ရှိ သူ၏စာအုပ်တွင် ဤသို့ဖော်ပြထားသည်။ လူတို့၏ ခန္ဓာကိုယ်မှ အမြဲမပြတ် အခိုးအငွေ့များ ထွက်နေကြသည်။ လောဘ၊ ဒေါသလွန်ကဲနေသည့် ပုဂ္ဂိုလ်များထံမှ မီးလျှံကဲ့သို့ တညီးညီးတပြောင်ပြောင် အနီရောင် အပူခိုးများ ထုတ်လွှတ်ပေးနေသလို တရားဓမ္မနှင့် မွေ့လျော်ပျော်နေတတ်သူများ ကိုယ်ခန္ဓာမှ အဖြူရောင်ငွေ့ငွေ့လေး လွင့်မျောနေတတ်သည်။ အပူရောင်မီးလျှံနှင့် အေးမြမှုအငွေ့ မည်သည့်အရာက ပိုများသည်ကို စဉ်းစားကြည့်နိုင်ပါသည်။ ထိုနည်းတူ အခြားတစ်ဖက်တွင် လူတို့၏ နေ့စဉ်ရှူထုတ်နေသော ကာဗွန်ဓာတ်ငွေ့ကိုလည်း မေ့ထား၍မရပါ။ ဤကဲ့သို့ ကမ္ဘာ့လူဦးရေ သန်း ၇၀၀၀ မှ လောဘ၊ ဒေါသအပူအခိုးအငွေ့များ၊ ရှူထုတ်ကာဗွန်များသည် ယနေ့ကာဗွန်လွန်ကဲမှုနှင့် အတူ "မီးလောင်ရာလေပင့်" ဝိုင်းဝန်းကူ "ကူဖော်လောင်ဖက်"ဖြစ်နေကြသည်။ ထို့ကြောင့်လည်း "ပြည်သူတွေတရားပျက်တော့ ရာသီဥတုလည်း ဖောက်ပြန်တတ်သည်"ဟု ရှေးလူကြီးများဆိုခဲ့ကြခြင်း ဖြစ်တန်ရာသည်။

မိမိတို့နိုင်ငံတွင်လည်း သစ်တောသစ်ပင်များ ပြုန်းတီးလာမှုအကျိုးဆက်က ဧရာဝတီမြစ်တစ်လျှောက် ပြည်မြို့ထိ ရေငန်တိုးဝင်ကာ ဝဲ၊ ယာ ကမ်းနှစ်ဖက် ရေချိုတွင်းများကို ဖျက်ဆီးလာသည်။ မူမမှန်သောရာသီဥတုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၀ ခုတွင် စိုက်ပျိုးရေးလုပ်ငန်းများ ပျက်စီးဆုံးရှုံးခံနေရသည်။

ကြုံလာနေရသည့် ဘေးအန္တရာယ်ဟူသမျှကို လျော့နည်းအောင် လုပ်နိုင်သည်။ ကာကွယ်တားဆီးပေးနိုင်သည်။ လူတိုင်းလည်း လုပ်နိုင်သည့် အရာဖြစ်သည်။ "အနာသိဆေးရှိ" နည်းလမ်းရှိသည်။ **သစ်ပင်စိုက်ပျိုးခြင်း**။ အနည်းဆုံး "လူတစ်ယောက် သစ်တစ်ပင်" စိုက်ပျိုးရှင်သန် ဖွံ့ထွား နေစေရမည်။ အသစ်အသစ်သော သစ်ပင်များကို စိုက်ပျိုးသလို ရှင်သန်ပြီး သစ်တောသစ်ပင်များကိုလည်း စောင့်ရှောက်ကာကွယ်ပေးကြရမည်။ စိုက်ပျိုးသည်ဆိုရာ၌ ရာသီလိုက် ပေါ်ပင်လုပ်ပြသည်မျိုး မဟုတ်ဘဲ ကြိုးစားပမ်းစား အင်တိုက်အားတိုက်နှင့် အားသွန်ခွန်စိုက် တွန်းတွန်းတိုက်တိုက် မဖြစ်မနေ လုပ်ဆောင်သွားကြရပါမည်။

မိမိတို့နိုင်ငံတွင် မိုးဦးလေသံနှင့်အတူ မင်္ဂလာသံစဉ်များ နေရာအနှံ့ကြားလာနေရပါပြီ။ ဖြူးမြို့နယ် သစ်တောဦးစီးဌာနမှ ဦးစီးပြီး သစ်ပင် တစ်သိန်းစိုက်ပျိုးတော့မည်။ အများပြည်သူ စုဝေးရာ ကျောင်းများ၊ လမ်းများ၊ ကျေးရွာများ စိမ်းလန်းစိုပြည်အလှတိုးလာတော့မည်။

မန္တလေး စိမ်းရောင်စိုအဖွဲ့မှ သစ်ပင်တစ်သောင်း စိုက်ပျိုးတော့မည်။ ရွှေဟောင်းသမိုင်းဝင် မန္တလေး၊ စစ်ကိုင်းအဝန်းအဝိုင်းတွင် စိမ်းစိမ်းစိုစိုနှင့် အိုအေစစ်ရပ်ဝန်း ဖြစ်လာတော့မည်။ ရန်ကုန်အစိမ်းရောင်ချစ်သူများမှလည်း မိုးတွင်းကာလတစ်လျှောက်လုံး အပတ်စဉ် စနေ၊ တနင်္ဂနွေ အပင်တစ်ရာနှုန်းနှင့် စိုက်ပျိုးကြ၊ ဝိုင်းဝန်းကြတော့မည်။

ဇွန်လ ၅ ရက် ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့။ ဇူလိုင်လဒုတိယပတ် တနင်္ဂနွေနေ့၊ ကျောင်းနှင့်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးနေ့။ မုတ်သုံမိုးစက်များအောက်မှာ တစ်နိုင်ငံလုံး အုန်းအုန်းကျွက်ကျွက်နှင့် ရွှင်တပြုံးပြုံး စိုက်ကြ ပျိုးကြ နှစ်စဉ်နှစ်တိုင်း ဝတ်မပျက်ပါ။

သစ်တောသစ်ပင်များကို ချစ်ခင်မှုဟူသည် မိမိကိုယ်ကို ချစ်ခြင်းမည်၏။ သစ်ပင်များကို ပြုစုစောင့်ရှောက်ခြင်းသည် မိမိကိုယ်ကို စောင့်ရှောက်ရာရောက်၏။ သစ်ပင်များကို ရှင်သန်စေခြင်းသည် မိမိအသက်ရှင်သန်ခြင်းဟု ဆိုထိုက်၏။ ရှင်းပါအံ့။ သစ်တောသစ်ပင်များသည် ခရမ်းလွန်ရောင်ခြည် အပူဒဏ်ကို ကာကွယ်ပေး၏။ လူနှင့်မြေကမ္ဘာကို ဒုက္ခပေးနေသော ကာဗွန်လွန်ကဲမှုအား ထိန်းညှိပေး၏။ လူတို့အတွက် အောက်ဆီဂျင်ကို လှိုင်လှိုင်ထုတ်လွှတ်ပေး၏။ ကမ္ဘာ့မြေဆီလွှာကို ထိန်းသိမ်းပေး၏။ ရေချိုအရင်းအမြစ်များကို အုံနှင့်ကျင်းနှင့် စုစည်းသိုလှောင်ပေး၏။ လူတို့အတွက် အသီးကို ပေး၏။ အရွက်အဖူးအပွင့်ကို ဝေငှ၏။ နောက်ဆုံး လောင်စာထင်းအဖြစ် အသွေးအသားကိုလည်းပေး၏။ "လူ့အလိုနတ်မလိုက်နိုင်"ဆိုကြ၏။ သစ်တော သစ်ပင်များကား ထိုသို့မဟုတ်။ လူတို့အတွက် လေကောင်းလေသန့် ရေကောင်းရေသန့် အစာအာဟာရကအစ လိုလေသေးမရှိ ပံ့ပိုးပေး၏။ လူတို့၏ အသက်သခင်ကျေးဇူးရှင်ဟု ဆိုထိုက်ပါသည်။

တရုတ်သုတေသီများက အသက်(၁၀၀)ဝန်းကျင် အဘိုးအဘွားများအား အသက်ရှည်ရခြင်းအကြောင်းရင်းကို သုတေသနပြုဖော်ထုတ်ရာတွင် သစ်တောများတွင် နေထိုင်ခြင်းသည်လည်း အချက်တစ်ချက်ပါဝင်ပါသည်။

"အရိပ်နေနေ အခက်ချိုးချိုး" လူမဆန် ယုတ်နိမ့်သော လုပ်ရပ်မျိုးဟု ဆိုကြသည်။ တချို့ အမြစ်ပါမကျန် ခုတ်လှဲနေကြသည်။ သစ်တော သစ်ပင်များသည် လူတို့အသက်ရှင်သန်ရေးအတွက် မရှိမဖြစ် အသက်သခင်ကျေးဇူးရှင်များဟုဆိုလျှင် ထိုထိုသောကျေးဇူးရှင်များအား ပြုတ်ပြုတ်ပြုန်းခုတ်လှဲ နေကြသူများသည်. . . ဆင်ခြင်နိုင်ကြပါစေ။ ။

## ထန်းတပင်မြို့နယ်၌ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်း

ရန်ကုန် မေ ၃၁

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် ထိန်နှစ်ပင်ကျေးရွာ၌ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနနှင့် ထိန်နှစ်ပင်ကျေးရွာ ဒေသခံများ စုပေါင်း၍ ကိုယ့်အားကိုယ်ကိုး လျှပ်စစ်မီးလင်းရေး ဖွင့်ပွဲအခမ်းအနားကို မေ ၂၀ ရက် နံနက်တွင် ကျင်းပခဲ့သည်။

အဆိုပါအခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ လျှပ်စစ်နှင့် စက်မှုလက်မှုဝန်ကြီး ဦးဉာဏ်ထွန်းဦး၊ စီမံကိန်းနှင့်စီးပွားရေးဝန်ကြီး ဦးသန်းမြင့်၊ ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းရီ၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဦးတိုင်းရတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထိန်နှစ်ပင်ကျေးရွာမှ ဒေသခံများမှာလည်းလျှပ်စစ်မီးရရှိကြ၍ ပျော်ရွှင်ပီတိဖြစ်နေကြကြောင်း သိရသည်။

**မောင်သာဖြန်း - ထန်းတပင်**

ဥတုရာသီ
တောကိုမှီ၏။



# ဘေးရန်ကင်းဝေးမှုသည် လူတိုင်း၏တာဝန်ပင်

၇၀၁

မြန်မာနိုင်ငံကို ကမ္ဘာကလေးစားချီးကျူးနေတာ တစ်ခုတော့ရှိပါသည်။ ဘုရားကျောင်းကန်မှာ ကလေးအရွယ်မှ အစ သက်ကြီးရွယ်အိုအထိ မည်သူမျှ ဖိနပ်မစီးသည့် စည်းကမ်းလိုက်နာမှုဖြစ်ပါသည်။ နိုင်ငံတကာက မြန်မာနိုင်ငံကို ကြောက်ရွံ့နေတာလည်း တစ်ခုရှိပါသည်။ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းကို ဆိုးဆိုးရွားရွား ဖောက်ဖျက်ကျူးလွန်နေခြင်း ဖြစ်ပါသည်။ စည်းကမ်းဖောက်ဖျက်ကျူးလွန်နေမှုသည် ဘယ်အတိုင်းအတာအထိ ဆက်ဖြစ်နေကြဦးမည်ဆိုသည်ကို နိုင်ငံတကာအလုပ်ရုံဆွေးနွေးပွဲများမှာ လေ့လာစောင့်ကြည့်နေကြရသည်အထိ ဖြစ်နေခဲ့သည်။ စည်းကမ်းဖောက်ဖျက်သည့် ယာဉ်မောင်းများနှင့် နမော်နမဲ့လမ်းဖြတ်ကူးသူများကြောင့် ယာဉ်မတော်တဆထိခိုက်မှုများ နှစ်စဉ်တိုးနေရခြင်းဖြစ်သည်။

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ မြို့ပြဖွံ့ဖြိုးရေးစီမံကိန်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ခရီးသွားပြည်သူများ ဘေးအန္တရာယ်ကင်းရှင်းစွာ သွားလာနိုင်ရေးအတွက် လမ်းဟောင်းများပြုပြင်ခြင်း၊ လမ်းသားများ မြှင့်တင်ပေးခြင်း၊ ကွန်ကရစ်ထပ်ပိုးလွှာများ ခင်းကျင်းဆောင်ရွက်ပေးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးနေသလို ယာဉ်မောင်းများကလည်း ဆန္ဒရှိသလို စိတ်ကြိုက်မောင်းနှင်နေကြပါသည်။ မျဉ်းသေ၊ မျဉ်းဖြတ်၊ မျဉ်းဝါများကို ဂရုမစိုက်ကြတော့ပေ။ ရုပ်ပျက်ဆင်းပျက်ကို စည်းကမ်းဖောက်နေကြသည်။ မကောင်းမှုဟူသည် ဆိတ်ကွယ်ရာမရှိဆိုပေမယ့် ယာဉ်မောင်းများအတွက်တော့ စီစီတီဗွီတွေရှိပါသည်။ စည်းကမ်းဖောက်သည်နှင့် ဒဏ်ငွေသောင်းကျော်ရိုက်ပါသော်လည်း အကြောက်အလန့်မရှိ ဆက်ပြီးကျူးလွန်နေကြသည်။

ယာဉ်မောင်းသူတို့ စည်းကမ်းမရှိဖြစ်နေသည်က အရေးမကြီး၊ လူ့အသက်တွေကြောင့် အနိဋ္ဌာရုံများ၊ ဆုံးရှုံးမှုများ နည်းပါးရအောင် လမ်းအလယ်များမှာ ကတ်တုံးတွေ၊ ဘလောက်တုံးတွေကို အစီအရီချပေးထားခြင်းများသည် မြို့တော်အင်္ဂါရပ်နှင့်ညီအောင်၊ လှပအောင်ချထားပေးခြင်းတော့ဟုတ်ဟန်မတူပေ။ များပြားလှသော ရင်နီးမြုပ်နှံမှုများနှင့်အတူ အကုန်အကျခံပြီး လုပ်ပါဆိုတာကို မလုပ်တာ၊ မလုပ်ပါနဲ့ဆိုတာကို လုပ်သော စည်းကမ်းမဲ့ယာဉ်မောင်းများ၊ ယာဉ်နှင့် ယာဉ်ထိန်းရဲအချိုးအစား မညီမျှမှု၊ ခြေကျင်ခရီးသွားပြည်သူများနှင့် ယာဉ်ထိန်းရဲအင်အား မမျှတမှုတွေကြောင့် နေ့စဉ်တွေ့ကြုံနေရသော ထိုအပြုအမူများသည် အန္တရာယ်ကို ဖိတ်ခေါ်နေသလို ဖြစ်နေသည်။

ထိခိုက်မှုအန္တရာယ်လျော့နည်းစေရန် လူတစ်ဦးတစ်ယောက်၊ တစ်ဌာနတည်းတွင်သာ တာဝန်ရှိသည်မဟုတ်ပေ။ လူတိုင်းလူတိုင်းနှင့် သက်ဆိုင်သလို စုပေါင်းကြိုတင်ကာကွယ်ဖို့သင့်လှသည်။ မကြာမီ မိုးကာလကို ရောက်ရှိတော့မည်ဖြစ်ပါ၍ ယာဉ်တိုက်မှုအန္တရာယ် ကင်းဝေးစေရန် ယာဉ်များကို ကြိုတင်စစ်ဆေးခြင်း၊ လိုအပ်သလို ပြုပြင်ထားခြင်းနှင့် လမ်းများကိုလည်း ပြုပြင်ထားခြင်းသာမက ယာဉ်မောင်းသူများ၊ ခြေကျင်လမ်းအသုံးပြုသူများကလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အကြောက်တရားနှင့်လိုက်နာကြသည်ထက် အသိတရားဖြင့် လိုက်နာကြရန် အထူးလိုအပ်နေပါကြောင်း တိုက်တွန်းနှိုးဆော်ရေးသားလိုက်ပါသည်။

## လူငယ်အခြေပြုသင်တန်း အခမဲ့သင်ကြားပေးမည်

ရန်ကုန် မေ ၃၁

လူငယ်အခြေပြု Civil Society သင်တန်းကို အခမဲ့အဖြစ် စနေ၊ တနင်္ဂနွေနေ့များတွင် သင်ကြားပေးမည်ဖြစ်ရာ မည်သူမဆိုတက်ရောက်နိုင်ရန် ဖိတ်ခေါ်ထားကြောင်း သိရသည်။

ထိုသင်တန်းတစ်သုတ်လျှင် လေးရက်သတ်မှတ်ထားကာ စနေ၊ တနင်္ဂနွေနေ့ များဖြစ်သော ဇွန် ၁ ရက်နှင့် ၂ ရက်၊ ဇွန် ၈ ရက်နှင့် ၉ ရက်တို့တွင် နံနက် ၉ နာရီမှ ညနေ ၅ နာရီအထိ သင်ကြားပေးမည်ဖြစ်သည်။

လူငယ်များ စွမ်းရည်ပိုမိုမြင့်မားစေရန်အတွက် ယင်းကဲ့သို့ သင်ကြားပေးမည်ဖြစ်ပြီး သင်တန်းနှင့်ပတ်သက်၍ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာမြို့နယ် (၄/၆)ရပ်ကွက် တပင်ရွှေထီးလမ်း အမှတ်(၁၉၄၆)ရှိ Economics Graduate 94-95 Group ရုံး၌ လည်းကောင်း၊ ဖုန်း-၀၉-၇၃၁၄၀၂၃၁၊ ၀၉-၄၂၈၀၂၄၄၅၇ တို့သို့ လည်းကောင်း ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရသည်။

(၆၈၀)



သိမ်ဖြူလမ်းပေါ်မှာရှိတဲ့ သစ်ပင်ရင်းကအုတ်ခုံလေးတွေဟာ နေသာတဲ့ အခါ လူတွေအတွက် ထိုင်စရာ၊ မိုးရွာလို့လမ်းမပေါ် ရေလျှံတဲ့အခါ ရေခို ကျွန်းကလေး ဖြစ်ပါတယ်။ မျိုးညွန့်(မရမ်းကုန်း)



## တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေးလုပ်ငန်းဖြင့် မိသားစုအဆင်ပြေ

ရန်ကုန် မေ ၃၁

မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းကို တစိုက်မတ်မတ် ဇောက်ချလုပ်ကိုင်စိုက်ပျိုးလျှင် နွေရာသီသီးနှံဖြစ်သည့် ကိုက်လန်၊ ပန်းမုန်လာ၊ မုန်ညင်း၊ မုန်လာဥ စိုက်ပျိုးခြင်းဖြင့် မိုးရာသီမိသားစု စားဝတ်နေရေး ပြည့်စုံလုံလောက်ကြောင်း၊ မိုးရာသီကုန်ပြီးချိန် ဆောင်းသီးနှံဖြစ်သော ဆလတ်ရွက်၊ နံနံ၊ ပင်နုတ်ချဉ်ပေါင်၊ ကြက်သွန်မြိတ်များစိုက်ပျိုးပြီး မိသားစုဝင်ငွေ လည်ပတ်နိုင်ရေးအတွက် စိုက်ပျိုးကြရကြောင်း လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာတွင် နွေရာသီနောက်ဆုံး မုန်ညင်းစိုက်ခင်း ၂၀ ရက်သားဖြစ်ထွန်းမှုအား မေ ၂၇ ရက်က တွေ့ရသည်။ (ဝဲပုံ)

"ဒီနှစ် မိုးရာသီကုန်ခါနီးမှာတော့ ထိုင်ဝမ်မုန်လာဥနီ၊ တရုတ်နံနံ၊ ယိုးဒယားခွေးတောက်ချို၊ ဟိုတယ်သုံး တရုတ်ကန်စွန်းတွေကို ဦးစားပေးစိုက်ပျိုးတိုးချဲ့လုပ်ကိုင်သွားမှာဖြစ်ပါတယ်၊ တစ်ပိုင်တစ်နိုင်စိုက်ပျိုးရေးလုပ်ငန်းကြောင့် မိသားစုစားဝတ်နေရေးအဆင်ပြေပါတယ်"ဟု လှည်းကူးမြို့နယ် ကျွန်းကလေးကျေးရွာနေ မိရိုးဖလာစိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ဦးလှထွန်းက ပြောပြသည်။

**ထွန်းဝင်း**



# ၂၀၁၄ ခုနှစ်တွင် ထွက်ရှိမည့် ကာတွန်းဇာတ်ကားသစ်တွင် ဇာတ်ဝင်တေး သီဆိုမည့် ဆလင်းဒီရွန်



ကနေဒါကြယ်ပွင့် ဆလင်းဒီရွန်က ၂၀၁၄ ခုနှစ်တွင် ထွက်ရှိမည့် The Muppet ကာတွန်းရုပ်ရှင်ကားသစ်တွင် Something So Right သီချင်းကို ဇာတ်ဝင်သီချင်းအဖြစ် တရားဝင်သီဆိုမည်ဖြစ်ကြောင်း Jim Henson ကုမ္ပဏီ၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

ယခုလက်ရှိတွင် တေးသံရှင် ဆလင်းဒီရွန်သည် သူမ၏အင်္ဂလိပ်ဘာသာစကားဖြင့် သီဆိုထားသည့် စတူဒီယိုအယ်လ်ဘမ်အတွက် အလုပ်ရှုပ်လျက်ရှိနေပြီး ယင်းအယ်လ်ဘမ်သည် သူမ၏ ၂၅ ခုမြောက် အယ်လ်ဘမ်တစ်ခုဖြစ်ကာ အောက်တိုဘာလတွင် ထွက်ရှိနိုင်မည်ဟု မျှော်လင့်ထားကြောင်း သိရသည်။

ယင်းအယ်လ်ဘမ်တွင် စုံတွဲအဆိုရှင်အဖြစ် တေးသံရှင် Ne-Yo က ပါဝင်ကူညီသီဆိုပေးမည်ဖြစ်ကြောင်း သိရသည်။

# ဒါရိုက်တာအလုပ်ကိုသာ အာရုံစိုက်လုပ်ဆောင်သွားမည့် တရုတ်ဒါရိုက်တာ စတီဖန်ရှိုး

Journey to the West ဇာတ်ကား၏ ဖန်တီးရှင် စာရေးဆရာ၊ ဒါရိုက်တာနှင့် သရုပ်ဆောင် စတီဖန်ရှိုးအား ယင်းဇာတ်ကား၏ နောက်ဆက်တွဲဇာတ်ကားသစ်တွင် ၎င်းအားသရုပ်ဆောင်ကဏ္ဍ၌ တွေ့မြင်လိုကြောင်း တောင်းဆိုစာများပေးပို့ခဲ့ကြပြီး စတီဖန်ကမူ ဒါရိုက်တာအလုပ်ကိုသာ အာရုံစိုက်လုပ်ဆောင်သွားမည်ဖြစ်ကြောင်း သတင်းများ ထွက်ပေါ်လာခဲ့သည်။

သို့သော် ယခင်ဇာတ်လမ်းတွဲများ၌ အောင်မြင်မှုများရရှိခဲ့ပြီးဖြစ်သည့် ဒါရိုက်တာစတီဖန်သည် နောက်ထပ်ထွက်ရှိလာမည့်ဇာတ်လမ်းသစ်တွင် Piggy နေရာမှ ပါဝင်သရုပ်ဆောင်ရန် စဉ်းစားလျက်ရှိသည်ဟူသော ကောလာဟလများ ထွက်ပေါ်လာခဲ့သော်လည်း စတီဖန်ကမူ မိမိ၏ရုပ်ရှင်ရိုက်ကူးရေးအတတ်ပညာပိုမိုတိုးတက်ရေးအတွက် ရိုက်ကူးရေးလိုင်းဘက်ကိုသာ အာရုံထားမည်ဖြစ်ပြီး မည်သည့်ဇာတ်လမ်းတွဲတွင်မှ ပါဝင်သရုပ်ဆောင်မည် မဟုတ်ကြောင်း ပြောကြားခဲ့သည်။

ထို့ပြင် ရုပ်ရှင်ထုတ်လုပ်သူများကလည်း Journey to the West ဇာတ်ကားအား နောက်ထပ်တစ်ကြိမ် box office တွင် မှတ်တမ်းတင်နိုင်ရန်အတွက် ၎င်းအား ပါဝင်သရုပ်ဆောင်စေလိုသော်လည်း ဒါရိုက်တာ စတီဖန်ကမူ ငြင်းဆိုခဲ့သည်။

Journey to the West ဇာတ်ကားသည် တရုတ်ပြည်မကြီး box office တွင် ဝင်ငွေ RMB တစ်သန်း ရရှိခဲ့ကြောင်း သိရသည်။



# အမျိုးသမီးများ၏ အခန်းကဏ္ဍများတွင် ရန်ပုံငွေများထောက်ပံ့ပေးမည့် ဂီတဖျော်ဖြေပွဲ နိုင်ငံပေါင်း၁၅၀သို့ တိုက်ရိုက်ထုတ်လွှင့်မည်

ဖြိုးစန္ဒာမြင့် စုစည်းရေးသားသည်

ကမ္ဘာပေါ်ရှိ အမျိုးသမီးများ၏အခန်းကဏ္ဍများဆိုင်ရာ ပညာရေးရန်ပုံငွေအတွက် ရည်ရွယ်ကျင်းပသည့် ပေါ့ပ်ဂီတဖျော်ဖြေပွဲတစ်ခုကို ဇွန် ၁ ရက်တွင် လန်ဒန်မြို့အနောက်ပိုင်းရှိ Twickenham အားကစားရုံ၌ ကျင်းပမည်ဖြစ်ရာ တေးသံရှင် ဘီယွန်စေး၊ ဂျနီဖာလိုပက်ဇ်နှင့် နာမည်ကျော်တေးသံရှင်များစွာတို့ ပါဝင်ဖျော်ဖြေကြမည် ဖြစ်ကြောင်းနှင့် ယင်းဖျော်ဖြေပွဲ အစီအစဉ်များကို နိုင်ငံပေါင်း၁၅၀ သို့ တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း ယင်းဖျော်ဖြေပွဲ၏ တာဝန်ရှိသူများက အင်္ဂါနေ့တွင် ပြောကြားခဲ့သည်။

Sound of Change Live အမည်ရှိ အဆိုပါဂီတဖျော်ဖြေပွဲကို လေးနာရီကြာကျင်းပမည်ဖြစ်ပြီး ယင်းဖျော်ဖြေပွဲမှ ရရှိလာသည့် လက်မှတ်ရောင်းရငွေများကို နိုင်ငံပေါင်း ၇၀ ကျော်ရှိ အမျိုးသမီးများနှင့် မိန်းကလေးများအတွက် ထောက်ပံ့ပေးမည့် စီမံကိန်းပေါင်း ၁၂၀ တွင် ရန်ပုံငွေအဖြစ် ထည့်ဝင်လှူဒါန်းပေးသွားမည်ဖြစ်ကြောင်း သိရသည်။

တာဝန်ရှိသူများ၏ ပြောကြားချက်အရ ယင်းရန်ပုံငွေဂီတဖျော်ဖြေပွဲလက်မှတ်လာရောက်ဝယ်ယူသူတိုင်းသည် မိမိဝယ်ယူသည့် လက်မှတ်တန်ဖိုးအား မည်သည့်စီမံကိန်းအတွက် ရန်ပုံငွေထည့်ဝင်လိုသည်ကို တစ်ပါတည်းရွေးချယ်ခွင့်ရှိသည့် ပထမဆုံးသော ရန်ပုံငွေပွဲတော်ဖြစ်ကြောင်း သိရသည်။

ယင်းဂီတဖျော်ဖြေပွဲတွင် တေးသံရှင် မက်ဒေါနားက အစီစဉ်မှူးအဖြစ် တာဝန်ယူတင်ဆက်မည်ဖြစ်ပြီး အခြားတေးသံရှင်များ၊ ရုပ်ရှင်ဒါရိုက်တာများ၊ သရုပ်ဆောင်များအပြင် အိန္ဒိယစူပါစတားများဖြစ်ကြသည့် Aishwarya Rai နှင့် Abhishek Bachchan တို့လည်း ပါဝင်ဖျော်ဖြေကြမည်ဖြစ်သည်။

"ကမ္ဘာပေါ်မှာရှိတဲ့ ခြောက်ဆယ်ရာခိုင်နှုန်းသော အမျိုးသမီးငယ်များသည် ကျောင်းပညာမသင်ကြားနိုင်ဘဲ အမျိုးသမီးများ၏ သုံးပုံနှစ်ပုံသည် ပညာမဲ့နေရပါတယ်။ ဒါကို ကျွန်မတို့လက်မခံနိုင်ပါဘူး။ ဒီအခြေအနေတွေပြောင်းလဲသွားဖို့ ကျွန်မတို့ ပြောင်းလဲမှုတွေလုပ်ရပါမယ်"ဟု တေးသံရှင် မက်ဒေါနားက ဆိုသည်။


**သရုပ်ဆောင်သစ်များကို ဖိတ်ခေါ်ပါသည်**

OSCAR MOVIE SCHOOL မှ ဒါရိုက်တာ အကယ်ဒမီကိုကိုလေး ရိုက်ကူးမည့် "တမလွန်ကိုကျော်၍" DVD ဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ရန် အမျိုးသား၊ အမျိုးသမီး သရုပ်ဆောင်သစ်များကို ဖိတ်ခေါ်ပါသည်။

လျှောက်လွှာပုံစံများကို အောက်ပါလိပ်စာတွင် အခမဲ့ထုတ်ယူနိုင်ပါပြီ။
အမှတ်(၁၁၈)၊ ပထမထပ်၊ မိုးကောင်းလမ်း၊ ရန်ကင်း၊ ရန်ကုန်မြို့။
ယာမာဟာစန္ဒရား ကုမ္ပဏီနှင့်ဘေးချင်းကပ်။
အောင်အောင် ကဖီး၏အပေါ်ထပ်
ဖုန်း-၀၉ ၇၃၀၉၀၄၆၀၊ ၀၉ ၅၀၃၆၄၀၇

**ပျောက်ဆုံး**

ကျွန်မ နန်းခမ်းအောင် P.P နံပါတ် မမှတ်မိ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပါရန်။
ဖုန်း-၀၉၇၃၁၁၅၁၁၃

**ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်**

ရွှေပြည်သာ၊ ထန်းခြောက်ပင်ကွေ့- VIP-ဂုတ်တွက်၊ ပေ(၄၀ × ၆၀)၊ ရပ်ကွက်-၅-၂၄/၃၂
ဆက်သွယ်ရန်ဖုန်း-၀၁-၅၈၄၃၂၈
၀၉-၅၁၆၃၅၈၂၊ ၀၉-၇၃၀၅၆၈၃၁

ထိုင်းနိုင်ငံမှ တိုက်ရိုက်မှာယူတင်သွင်းသော
**သစ်မွှေး(Aquilaria Subintegra)**
မျိုးစေ့များဝယ်ယူနိုင်ပါပြီ။
**Ph: 01-561601, 01-571352**






## ရွှေပါရမီကုသိုလ်ပြု မေတ္တာဆေးခန်းဖွင့်

**ရန်ကုန်　မေ　၃၁**

ရွှေပါရမီတောရဆရာတော် အရှင်ဆန္ဒာဓိက၏ ဦးဆောင်မှုဖြင့် ရွှေပါရမီကုသိုလ်ပြု မေတ္တာဆေးခန်းကို ပွင့်ဖြူမြို့နယ် ကုန်းဇောင်းကျေးရွာ၌ မေ ၂၄ ရက်တွင် ဖွင့်လှစ်သည်။

ကုန်းဇောင်းကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာ ၅၀ မှ ဆေးဝါးကုသရန် အခက်အခဲဖြစ်နေသော ရောဂါဝေဒနာရှင်များကို တစ်ပတ်လျှင် သုံးရက် တနင်္ဂနွေ၊ တနင်္လာ၊ အင်္ဂါနေ့တိုင်း လူမျိုးဘာသာမရွေး မေတ္တာဖြင့် ဆေးဝါးအခမဲ့ကုသပေးသွားမည်ဖြစ်သည်။ (ဝ၄၁)

## မိုးပွင့်အဆင့်(၅)စီမံချက်အရ နိုင်ငံသားစိစစ်ရေးကတ်ပြားများ လမုတန်းကြီးကျေးရွာ၌ ကွင်းဆင်းဆောင်ရွက်ပေး

**ထန်းတပင်　မေ　၃၁**

ရန်ကုန်မြောက်ပိုင်းခရိုင် ထန်းတပင်မြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးစံရွှေနှင့် ဝန်ထမ်းများသည် မေ ၂၂ ရက်တွင် မိုးပွင့်အဆင့်(၅)စီမံချက်ဖြင့် ထန်းတပင်မြို့နယ် လမုတန်းကြီးကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာသူကျေးရွာသားများအား အိမ်ထောင်စုစာရင်းနှင့်နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးကြကြောင်း သိရသည်။ **(အောက်ပုံ)** (ဝ၄၈)





## ဒဂုံတောင်ပိုင်း၌ ကျောင်းအပ်နှံရေးနေ့ကျင်းပ

**ရန်ကုန်　မေ　၃၁**

ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် ၂၀၁၃-၂၀၁၄ ပညာသင်နှစ် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို မေ ၂၈ ရက် မွန်းလွဲ ၁ နာရီတွင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း အစည်းအဝေးခန်းမ၌ ကျင်းပရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်စုစုလှိုင် တက်ရောက်အားပေးချီးမြှင့်သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်က အမှာစကားပြောကြားပြီး ပညာရေးဝန်ကြီးဌာနက လှူဒါန်းသော ငွေကျပ် ၂၆၅၈၆၀၅၀ တန်ဖိုးရှိ မူလတန်းဖတ်စာအုပ်များ၊ ကျောင်းသား ကျောင်းသူများအတွက် ပညာသင်ထောက်ပံ့ကြေးငွေကျပ် ၃၂၀ သိန်းနှင့်အလှူရှင်များ၏ လှူဒါန်းငွေကျပ် ၉၅၅၀၀၀၀ တို့ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ)** (၅၉၈)

## မြန်ဂုဏ်ဆောင် စာပေဆု ချီးမြှင့်ရေး ညှိနှိုင်း

**ကောလင်း　မေ　၃၁**

စစ်ကိုင်းတိုင်းဒေသကြီး ကောလင်းမြို့နယ် စာရေးဆရာအသင်းက ကြီးမှူး၍ ကျေးလက်ဒေသ စာပေအရည်အသွေးမြင့်မားရေး မြန်ဂုဏ်ဆောင်စာပေဆု ချီးမြှင့်ရေးလုပ်ငန်း ညှိနှိုင်းအစည်းအဝေးကို မေ ၂၇ ရက်တွင် အသင်းရုံးခန်းမ၌ ကျင်းပရာ မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုအမှုဆောင်ကော်မတီ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)၊ မြို့နယ်စာရေးဆရာဥက္ကဋ္ဌ ဒေါ်မြင့် (မြင့်မြင့်ထွေး-ကောလင်း)နှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံစာရေးဆရာအသင်း ဗဟိုအမှုဆောင်ကော်မတီ ဦးခင်မောင်ညိမ်း(မြန်ဂုဏ်ဆောင်)က အမှာစကားပြောကြားသည်။ ထို့နောက် မြို့နယ်စာရေးဆရာအသင်းအတွင်းရေးမှူး ဦးပြည့်စုံငြိမ်း(ရွှေလင်းပြည့်စုံ)က ကျေးလက်ဒေသစာပေအရည်အသွေးမြင့်မားရေး၊ မြန်ဂုဏ်ဆောင်စာပေဆု ချီးမြှင့်ရေး၊ စာဖတ်ဝိုင်း၊ ကျပန်း၊ စကားရည်လုပွဲ၊ ပုံပြောပြိုင်ပွဲ၊ စာပေရေးရာသင်တန်း စာတမ်းဖတ်ပွဲများ ပြုလုပ်ရေးတို့ကို ဆွေးနွေးကြသည်။ (၂၁၄)

## ချင်းတွင်းမြစ် သတ်မှတ်ရေနည်းမှတ်အောက် ငါးနှစ်ဆက်တိုက် လျော့ကျ

**မုံရွာ　မေ　၃၁**

မြန်မာနိုင်ငံ၏ ဒုတိယအရေးပါဆုံးဖြစ်သော ချင်းတွင်းမြစ်ကြီးသည် မြစ်ဘေးတစ်လျှောက် မြို့ကြီးများ၏ သတ်မှတ်ရေနည်းမှတ်အောက် နှစ်စဉ်လျော့ကျလျက်ရှိရာ ချင်းတွင်းမြစ်၏ အကြီးဆုံးဆိပ်ကမ်းမြို့ဖြစ်သည့် မုံရွာမြို့တွင်လည်း ငါးနှစ်ဆက်တိုက် သတ်မှတ်ရေနည်းမှတ်အောက် လျော့ကျနေကြောင်း စစ်ကိုင်းတိုင်းဒေသကြီး ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

ထိုသို့ ရေနည်းမှတ်အောက် ကျဆင်းနေချိန်တွင် ချင်းတွင်းမြစ်အထက်ပိုင်းသို့ နေ့စဉ်သွားလာခုတ်မောင်းနေကြသော ကုန်တင်အမြန်ရေယာဉ်များနှင့် လူစီးအမြန်ရေယာဉ်များမှာလည်း သတ်မှတ်ကုန်ထက် ပိုမိုတင်ဆောင်ကြသောကြောင့် ရေစူးနည်းသည့် နေရာများတွင် ရေယာဉ်ပန်ကာမှ သဲများ ခုတ်စားမောင်းနှင်ခြင်းကြောင့် သောင်ထွန်းမှုကို ဖြစ်ပေါ်စေနိုင်ပြီး ရေကြောင်းကျပ်တည်းမှုကို ပိုမိုအားပေးရာရောက်ကြောင်း ဌာနမှသိရသည်။

**မျိုးဝင်းထွန်း-မုံရွာ**

## မေတ္တာမွန် စေတနာရှင်ကရုဏာရှင်များအဖွဲ့ စုပေါင်းသွေးလှူဒါန်း

**ကျောင်းကုန်း　မေ　၃၁**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့ရှိ မေတ္တာမွန် စေတနာရှင်ကရုဏာရှင်များ သွေးလှူအဖွဲ့၏ (၇)ကြိမ်မြောက် စုပေါင်းသွေးလှူဒါန်းပွဲကို မေ ၂၆ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပြည်သူ့ဆေးရုံရှိ အမျိုးသားသွေးဌာန၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။ (၁၆၅)


Victoria University College

1. Engineering (Civil / Electronics / Electrical / Mechanical / Architect)
2. Business (HR / Marketing / Management / Finance)
3. Computing and System Development
4. Health & Social Care / Medical Study Linked with Universities of Medicine UK / India / China / Russia


### ဖခင်အမည်မှန်

အထက(မြန်အောင်)၉တန်း(D)မှ အောင်သူဇင်ကိုနှင့် အလက(ရေနံမြေ) ၅တန်း (A) မှ မမိုးသီတာတို့၏ ဖခင်အမည်မှန်မှာ ဦးအောင်ကိုကိုထွေး[၁၄/မအန(နိုင်)၁၃၀၃၅၉] ဖြစ်ပါသည်။

### ဖခင်အမည်မှန်

သုံးခွမြို့နယ် အထက(ခွဲ)ပုလဲ နဝမတန်း (B) GRADE 10 (B) မှ မောင်ဇော်ရဲလွင်၏ ဖခင်အမည်မှန်မှာ ဦးရန်မင်းခန့်[၁၃/သပန(နိုင်)၀၃၅၈၂၇]ဖြစ်ပါသည်။

ဦးရန်မင်းခန့်

### အမည်ပြောင်း

ဦးလှစိုး၏သား ဗိုလ်တထောင် အထက(၃)စတုတ္ထတန်းမှ မောင်ညာဏ်လင်းထက်အား မောင်ထူးအောင်ဝင်းဟု ပြောင်းလဲခေါ်ပါရန်။

### အမည်ဖြည့်စွက်ခြင်း

ရန်ကုန်မြို့နေ အဘ ဦးအောင်ဝင်း(ခ)ယပ်အီချွမ်း၏ သမီး မအထော်(ခ)လှလှဝင်းဟု အမည်ဖြည့်စွက်ခေါ်ပေးပါရန်။


ရောင်းမည်

G.B.S

G.R.S



ဒေါက်တာကျော်လွင် (လက္ခဏာပညာဝိဇ္ဇာ)

Ph-D (Palmistry) (Kol-India)




## မန္တလေးမြို့တွင် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းပိုမိုကောင်းမွန်စေရေးအတွက် ပူးပေါင်းစစ်ဆေးရေးအဖွဲ့ ငါးဖွဲ့ဖြင့် အချက်ပြမီးပွိုင့်များတွင် လက်ကိုင်စပီကာများဖြင့်အသိပေး

**မန္တလေး မေ ၃၁**

မန္တလေးမြို့အတွင်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပိုမိုကောင်းမွန်စေရေးအတွက် ပူးပေါင်းစစ်ဆေးရေးအဖွဲ့များဖြင့် စစ်ဆေးအရေးယူလျက်ရှိရာ မေ ၂၈ ရက် နံနက်ပိုင်းတွင် ယာဉ်ထိန်းရဲတပ်ဖွဲ့တပ်ဖွဲ့စု(၅၆)တပ်ဖွဲ့စုမှူး ဒုရဲမှူး မိုးမြင့်ထွန်းဦးဆောင်သော ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင် ခြောက်ဦး၊ မြို့နယ်ရဲတပ်ဖွဲ့ဝင် နှစ်ဦး၊ စည်ပင်ရဲတပ်ဖွဲ့ဝင် နှစ်ဦး၊ ကညနဝန်ထမ်းတစ်ဦးတို့ပါဝင်သော ပူးပေါင်းစစ်ဆေးရေးအဖွဲ့က အချက်အချာကျသောလမ်းဆုံမီးပွိုင့်ဖြစ်သည့် (၇၈)လမ်း× (၄၂)လမ်း အချက်ပြမီးပွိုင့်အနီး မောင်းနှင်သွားလာနေသော ယာဉ်မောင်းများ၊ လမ်းအသုံးပြုသူများ၊ ယာဉ်အန္တရာယ်ကင်းစေရေးအတွက် လိုက်နာရမည့်အချက်များဖြစ်သော ဆိုင်ကယ်စီးလျှင် ဦးထုပ်ဆောင်းပါ။ ဆိုင်ကယ်ကို နှစ်ယောက်ထက် ပိုမစီးရ။ အရက်သောက်စားမူးယစ်ပြီး ကား/ဆိုင်ကယ်မမောင်းပါနှင့်။ ကား/ဆိုင်ကယ်တွင် သတ်မှတ်ထားသော နံပါတ်ပြားမပါဘဲ မောင်းနှင်ခြင်းမပြုရ။ ကား/ဆိုင်ကယ်မောင်းနှင်ရင်း လက်ကိုင်ဖုန်းပြောဆိုခြင်းမပြုရ။ မြို့တွင်း သတ်မှတ်အမြန်နှုန်းအတိုင်း မောင်းပါ။ အရှိန်ပြင်းမောင်းနှင်ခြင်းမပြုပါနှင့် စသည့်အချက်များအား လက်ကိုင်စပီကာဖြင့် သတိပေးကြေညာခြင်းများ ဆောင်ရွက်ကြသည်။

မန္တလေးမြို့အတွင်းယာဉ်စည်းကမ်းလမ်း၊ စည်းကမ်း ပိုမိုကောင်းမွန်စေရေးအတွက် ဒုရဲမှူး-ရဲအုပ်အဆင့်အရာရှိဦးစီး ပေါင်းစစ်ဆေးရေးအဖွဲ့ ငါးဖွဲ့ဖြင့် နေ့စဉ်နံနက် ၇ နာရီမှ ၁၀ နာရီ၊ ညနေ ၃ နာရီမှ ၆ နာရီအထိ သတိပေးဆောင်ရွက်မှုများကို ၂၆×၆၆ အချက်ပြမီးပွိုင့်၊ ၂၆×၇၈ အချက်ပြမီးပွိုင့်၊ ၂၆×၈၄ အချက်ပြမီးပွိုင့်၊ ၃၅×၆၂ အချက်ပြမီးပွိုင့်၊ ၃၅×၇၃ အချက်ပြမီးပွိုင့်၊ ၃၅×၇၈ အချက်ပြမီးပွိုင့်၊ ၃၅×၈၄ အချက်ပြမီးပွိုင့်၊ ရန်-မန်း × သိပ္ပံအချက်ပြမီးပွိုင့်၊ ကျွဲဆည်ကန်အချက်ပြမီးပွိုင့်များတွင် သတိပေးဆောင်ရွက်ခြင်းများ ပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

**ကျော်မင်းသော်-မန္တလေး**

## မြိတ်၌ ကျောင်းအပ်နှံရေးနေ့ ကျင်းပ

**မြိတ် မေ ၃၁**

တနင်္သာရီတိုင်းဒေသကြီး မြိတ်ခရိုင် ကျောင်းအပ်နှံရေးအခမ်းအနားကို အထက(၃)မြိတ်မြို့ ခန်းမ၌ နံနက် ၈ နာရီက ကျင်းပခဲ့ရာ ဆရာ ဆရာမ၊ ကျောင်းသား ကျောင်းသူ၊ ဧည့်ပရိသတ် ၁၅၀ ခန့် တက်ရောက်ခဲ့သည်။ အခမ်းအနားတွင် အထက(၂) ကျောင်းသား ကျောင်းသူများမှ မြန်မာ့ကျောင်းသီချင်းသီဆို၍ ဖွင့်လှစ်ကာ တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ လက်ထောက်ကြီးကြပ်ရေးမှူး ဒေါ်သန်းသန်းအေးမှ ကျောင်းအပ်နှံရေးအခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားခဲ့ပြီး ခရိုင်ပညာရေးမှူး ဦးကြည်သန်းမှ အမှာစကား ပြောကြားခဲ့သည်။ စေတနာရှင်၊ အလှူရှင်များမှ ကျောင်းနေအရွယ်ကလေးများ ကျောင်းနေနိုင်ရေးအတွက် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ထောက်ပံ့ငွေများလှူဒါန်းခဲ့ပြီး တာဝန်ရှိသူများက ဂုဏ်ပြုမှတ်တမ်းပြန်လည်ပေးအပ်ခဲ့သည်။ ၂၀၁၃-၂၀၁၄ ပညာသင်နှစ်အတွက် အလယ်တန်းအဆင့် ကျောင်းသား ကျောင်းသူလေးဦး၊ အထက်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူတစ်ဦးတို့ကို နိုင်ငံတော်မှ ချီးမြှင့်သည့်ပညာသင်ဆု ချီးမြှင့်ခဲ့သည်။ ထို့ပြင် ၂၀၁၂-၂၀၁၃ ပညာသင်နှစ်တွင် ကျောင်းပြင်ပမူလတန်းပညာရေးပြီးမြောက်သူ ၁၁ ဦးနှင့် ဆဋ္ဌမတန်း ဆက်လက်ပညာသင်ကြားမည့်သူ ၁၆ ဦးအား အလယ်တန်းပညာဆက်လက်သင်ယူနိုင်ရန်အတွက် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာနှင့် ပညာသင်ထောက်ပံ့ကြေးများ ထောက်ပံ့ခြင်းပြုလုပ်ခဲ့ပြီး မြိတ်မြို့နယ် ပညာရေးမှူး ဦးဗိုလ်မောင်မှ ကျေးဇူးတင်စကားပြောကြားခဲ့သည်။ မြိတ်မြို့ အထက (၂)ကျောင်းသား ကျောင်းသူများက ဇာတိမာန်သီချင်း သီဆို၍ အခမ်းအနားကို နံနက် ၁၀ နာရီ ၁၅ မိနစ်တွင် ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

**မိုးဟိန်း-မြိတ်**



## ဒလ၌ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းဆင်းပွဲ ကျင်းပ

**ဒလ မေ ၃၁**

ရန်ကုန်တောင်ပိုင်းခရိုင် ဒလမြို့နှင့် ဆိပ်ကြီးခနောင်မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် စာရေးများ၏ လုပ်ငန်းစွမ်းဆောင်ရည်မြှင့်မားရေးသင်တန်းအမှတ်စဉ် (၁/၂၀၁၃) ဆင်းပွဲ အခမ်းအနားကို မေ ၂၈ ရက် ညနေ ၄ နာရီတွင် ဒလမြို့နယ် သီရိဇေယျနော်ရထာခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ယခုသင်တန်းမှ သင်ကြားပို့ချလိုက်သော အထွေထွေအုပ်ချုပ်ရေးပိုင်းဆိုင်ရာများနှင့် ဌာနဆိုင်ရာများမှ လုပ်ထုံးလုပ်နည်း၊ အသိပညာအချက်အလက်များကို ပိုမိုသိရှိလာပြီဖြစ်သည့်အတွက် မိမိတာဝန်ယူအုပ်ချုပ်ရမည့် ရပ်ကွက်၊ ကျေးရွာများတွင် မိဘပြည်သူတို့၏အကျိုးကို ရင်ဝယ်သားကဲ့သို့ စေတနာထားကာ ပွင့်လင်းမြင်သာကောင်းမွန်ပြီး အဆင်ပြေချောမွေ့လျင်မြန်စွာ စွမ်းရည်မြင့်မြင့် အုပ်ချုပ်ဆောင်ရွက်နိုင်လိမ့်မည်ဟု မျှော်လင့်ကြောင်းနှင့် အုပ်ချုပ်ရေးမှူးကောင်းတို့၏ ကိုယ်ကျင့်တရားနှင့်ကျင့်ဝတ်များကို စောင့်ထိန်းလိုက်နာကျင့်ကြံဆောင်ရွက်ကြရန်လိုကြောင်း ပြောကြားသည်။

**သန်းဌေး-ဒလ**

## မျိုးဆက်ပွားကျန်းမာရေး မွမ်းမံသင်တန်းဖွင့်

**မြန်အောင် မေ ၃၁**

MMA/DOH/UNFPA တို့မှ Sexual and Reproductive Health Project မှ ဖွင့်လှစ်သော အရန်သားဖွားဆရာမနှင့် စေတနာရှင် ကျန်းမာရေးလုပ်သားများအတွက် မျိုးဆက်ပွားကျန်းမာရေး မွမ်းမံသင်တန်းဖွင့်ပွဲကို မေ ၂၃ ရက်တွင် မြန်အောင်မြို့ ပြည်သူ့ဆေးရုံ အစည်းအဝေးခန်းမ၌ ကျင်းပရာ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းထိန်နှင့် မြန်မာနိုင်ငံဆရာဝန်အသင်းမှ စီမံချက်မန်နေဂျာ ဒေါက်တာခင်မာသီတို့က သင်တန်းဖွင့်အမှာစကားနှင့် မျိုးဆက်ပွားကျန်းမာရေး လုပ်ငန်းများအကြောင်း ပြောကြားကြသည်။

သင်တန်းကို မြို့နယ်ဆရာဝန်များနှင့် ပြင်ပဆေးခန်း ဆရာဝန်များ၊ မြို့နယ်အတွင်းရှိ လူထုကျန်းမာရေးလုပ်သားများနှင့် အရန်သားဖွားဆရာမ သင်တန်းသား သင်တန်းသူ ၅၃ ဦး တက်ရောက်ကြသည်။ အရန်သားဖွားဆရာမနှင့် စေတနာရှင်ကျန်းမာရေးလုပ်သားများအတွက် မျိုးဆက်ပွားကျန်းမာရေးသင်တန်းတွင် စီမံချက်မန်နေဂျာ ဒေါက်တာခင်မာသီနှင့် သင်တန်းဆရာမသုံးဦးတို့က သင်တန်းပို့ချပေးခဲ့ကြောင်း သိရသည်။

**ဝင်းဗိုလ်-မြန်အောင်**



## ထူးဆန်းသည့် အဖြူရောင်ကုက္ကိုပင်

**ကျောက်တန်း မေ ၃၁**

ရန်ကုန်(တောင်ပိုင်း)ခရိုင် ကျောက်တန်းမြို့နယ် တံတားမြို့နယ်ခွဲ ပုတ္တလုတ်ကျေးရွာမှ ဦးသိန်းရွှေသည် ၎င်း၏ နေအိမ်ခြံဝင်းအတွင်းရှိ ကုက္ကိုပင်အား လွန်ခဲ့သော သုံးလခန့်က ခုတ်လှဲခဲ့သည်။ ထိုသို့ ခုတ်လှဲပြီးနောက် ရက်အနည်းငယ်ခန့်အကြာတွင် ခုတ်လှဲထားသော ကုက္ကိုငုတ်မှ အဖြူရောင် ကုက္ကိုပင်အတက်များနှင့် အစိမ်းရောင်ကုက္ကိုပင်အတက်များ ထူးဆန်းစွာ ပြန်ထွက်လာခဲ့သည်။ **(ဝဲပုံ)** အဖြူပင်နှင့် အစိမ်းပင်များမှာ တစ်ငုတ်တည်းမှ သီးခြားထွက်လာခဲ့ပြီး အဖြူပင်မှာ ပင်စည်၊ အကိုင်း၊ အခက်၊ အရွက်နှင့် အရိုးတို့မှာ ဆွတ်ဆွတ်ဖြူလျက်ရှိသည်။ အပင်အမြင့်မှာ ငါးပေခန့်ရှိပြီး သက်တမ်းမှာ သုံးလခန့်ရှိပြီဖြစ်ကြောင်း သိရသည်။

**အောင်ဆွေ-ရွှေတံတား**

## မြောင်းမြမြို့၌ တန်ဖိုးနည်းဆင်းကတ်များ မဲဖောက်ရောင်းချ

**မြောင်းမြ မေ ၃၁**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ဒုတိယအကြိမ်မြောက် တန်ဖိုးနည်း ၁၅၀၀ ကျပ်တန် ဖုန်းကတ် ၁၂၆၇ ကတ်ကို မေ ၂၀ ရက်နှင့် မေ ၂၅ ရက်က ရဟန်းသံဃာတော်များ၊ သီလရှင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပြည်သူများအား မဲဖောက်ရောင်းချပေးခဲ့ကြောင်း သိရသည်။

**ဇော်မင်းသွင်-မြောင်းမြ**











### အသင်းသားစုံညီအထူးအစည်းအဝေးဖိတ်ကြားခြင်း

ယခင်တောင်ကြီးမြို့နယ် အလုပ်သမားအစည်းအရုံးအခြေခံ(၇၇)အရ ဖွဲ့စည်းတည်ထောင်ထားခဲ့သည့် ကမ္ဘောဇခရီးသည်နှင့်ကုန်စည် ပို့ဆောင်ရေး(အဝေးပြေး)အသင်းကို ဖျက်သိမ်းရန်နှင့် အသင်းပိုင်ရွှေ့ပြောင်းနိုင်သည့် ပစ္စည်းများနှင့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများအားလုံးတို့ကို ထုခွဲရောင်းချပြီး ဗုဒ္ဓဘာသာ သာသနာအဓွန့်ရှည်တည်တံ့ခိုင်မြဲရေးအတွက် ရည်မျှော်ပြီး လှူဒါန်းသွားနိုင်ရန်အတွက် အသင်းသားစုံညီ အထူး အစည်းအဝေးကို အောက်ပါအတိုင်းကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အသင်းသားများအားလုံး မပျက်မကွက်(မပျက်မကွက်) တက်ရောက်ကြပါရန် ဖိတ်ကြား အပ်ပါသည်။

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | (၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်) ၂၂-၆-၂၀၁၃ ရက်(စနေနေ့) |
| ကျင်းပမည့်အချိန် | - | မွန်းလွဲ ၁ နာရီ |
| ကျင်းပမည့်နေရာ | - | မင်းကျောင်းပရိယတ္တိစာသင်တိုက်(ဆွမ်းစားဆောင်ဟောင်း) ကန်အောက်ရပ်ကွက်၊ တောင်ကြီးမြို့။ |

အထက်ပါ အသင်းသားစုံညီအစည်းအဝေးတွင် အသင်းအားဖျက်သိမ်းရေးနှင့် အသင်းပိုင်ပစ္စည်းများအား ထုခွဲရောင်းချပြီး လှူဒါန်း နိုင်ရေးအတွက် အသင်း၏နာယကကြီးများ၊ လက်ရှိလုပ်ငန်းကော်မတီဝင်များနှင့် ယာဉ်ပိုင်ရှင်အသင်းသားများတို့က ၈-၅-၂၀၁၃ ရက်တွင် တောင်ကြီးမြို့၊ မင်းကျောင်းပရိယတ္တိစာသင်တိုက်၌ ပြုလုပ်ခဲ့သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးအမှတ်(၄/၂၀၁၃)၏ အစည်းအဝေးမှတ်တမ်းနှင့် အသင်းသား စုံညီအထူးအစည်းအဝေးဖိတ်ကြားလွှာများတို့ကို တောင်ကြီးမြို့၊ ကန်အောက်ရပ်ကွက်ရှိ ကမ္ဘောဇခရီးသည်နှင့် ကုန်စည်ပို့ဆောင်ရေး(အဝေးပြေး) မော်တော်ယာဉ်အသင်းဂိတ်တွင် လာရောက်ထုတ်ယူကြပါရန်နှင့် အသင်းသားစုံညီ အစည်းအဝေးကျင်းပမည့်ရက်မတိုင်မီ အကြံပြုတင်ပြ ဆွေးနွေး လိုသည်များရှိပါက အနည်းဆုံး(၇)ရက် ကြိုတင်ပြီး အသင်းဂိတ်သို့ စာဖြင့် ရေးသားပေးပို့ထားပါရန်နှင့် အကယ်၍ ထိုသို့ ကြိုတင်စာဖြင့် ရေးသားပေးပို့ထားခြင်းမရှိပါက အသင်းသားစုံညီအစည်းအဝေးတွင် ပါဝင်ဆွေးနွေးခွင့်ရှိမည်မဟုတ်ပါကြောင်း လွှဲအပ်ညွှန်ကြားချက်အရ ကြော်ငြာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားသူများ-

၁။ ဦးမြင့်သိန်း(ဥက္ကဋ္ဌ) ဖုန်း-၀၉ ၄၅၈၀၄၁၂၂၁ ၂။ ဦးကျော်လွင်(ဒုတိယဥက္ကဋ္ဌ) ဖုန်း-၀၉ ၅၂၈၀၅၉၈
၃။ ဦးကြည်ငြိမ်း(အတွင်းရေးမှူး) ဖုန်း-၀၉ ၅၂၄၀၁၁၈ ၄။ ဦးတင်ဦး(တွဲဖက်အတွင်းရေးမှူး) ဖုန်း-၀၉ ၅၁၀၅၁၉၁

လွှဲအပ်ညွှန်ကြားချက်အရ-

| | | |
|---|---|---|
| ဒေါ်ပန်းအိဖြူ | ဒေါ်မေဇူလိုင် | ဦးအောင်ရဲကျော် |
| စဉ်-၄၁၆၄၈/၂၀၁၃ | စဉ်-၄၁၆၅၈/၂၀၁၃ | စဉ်-၄၁၇၇၀/၂၀၁၃ |
| အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

မြမြင့်မိုရ်ရှေ့နေရုံးခန်း၊ အမှတ်-၂၀၇၊ ရေထွက်ဦးလမ်း၊ ကန်အရှေ့ရပ်ကွက်၊ တောင်ကြီးမြို့။
ဖုန်း-၀၈၁-၂၁၂၁၄၉၆၊ ဖက်စ်-၀၈၁-၂၁၂၃၇၉၉

# လက်ထပ်မင်္ဂလာပွဲကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ အလုံမြို့နယ်နေ ဦးမျိုးမြင့်-ဒေါ်ကျင်ထွေးတို့၏သားငယ်

**မောင်မျိုးမင်းမြတ် I.M.T (CD-34, CE-32)**

**2nd Officer (F.G), Raffles Technical Services Pte.,Ltd**

နှင့်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်နေ ဦးခင်မောင်လွင်-ဒေါ်ခင်မေစုတို့၏သမီးကြီး

**မအေမရာဟိန်း B.A(Chinese)Y.U.F.L**

**M.A(Chinese Philology) GXNU, China , Dip in English(1st year) Y.U.F.L**

တို့၏ ၁၈-၅-၂၀၁၃ ရက်(စနေနေ့)တွင် Panda Hotel(Pearl Hall)၌ ကျင်းပသော မင်္ဂလာဧည့်ခံပွဲတွင် မင်္ဂလာအောင်စံပယ်ပန်းကုံးဆင်မြန်းပေးပါသော Phoenix Company ၏ဥက္ကဋ္ဌ၊ Panda Hotelနှင့် Dolphin Restaurant၏ မန်နေးဂျင်းဒါရိုက်တာ ဦးစောဝင်းနှင့်ဇနီး ဒေါ်နွဲ့နွဲ့အေး တို့အားလည်းကောင်း၊ မင်္ဂလာလက်ထပ် လက်စွပ်ဆင်မြန်းပေးပါသော Phoenix Company ၏ ဒါရိုက်တာ၊ Panda Hotelနှင့် Dolphin Restaurant ၏ ဒါရိုက်တာ ဦးမောင်မောင်ဝင်းနှင့်ဇနီး ဒေါ်လွင်လွင်သန်းတို့အားလည်းကောင်း၊ မင်္ဂလာအခမ်းအနားမှူးအဖြစ် ဆောင်ရွက်ပေးပါသော ဦးဝင်းတင်၊ မင်္ဂလာပန်းကြဲပေးပါသော ညီမငယ် နှင်းနဒီလှိုင်၊ မင်္ဂလာပန်းကုံးကိုင်ဆောင်ပေးပါသော မအိချိုဇင်၊ မင်္ဂလာလက်စွပ်ကလပ်ကိုင်ဆောင်ပေးပါသော မမေမဒ္ဒီဟိန်း၊ ပန်းအလှဆင်ပေးပါသော ကိုကျော်ဇေယျာလင်း၊ မိတ်ကပ်အလှပြင်ဆင်ပေးပါသော မိတ်ကပ် မကျော့၊ ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးပေးပါသော မြင့်မိုရ်ဟိန်းအဖွဲ့တို့အားလည်းကောင်း၊ ကိုယ်တိုင်ကြွရောက် ချီးမြှင့်ပေးပါသော Panda Hotel ဒါရိုက်တာများနှင့် ဂုဏ်သရေရှိလူကြီးမင်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများနှင့် ဝိုင်းဝန်းကူညီပေးကြသော Panda Hotel မန်နေဂျာနှင့် ဝန်ထမ်းများအားလည်းကောင်း၊ ၂၆-၄-၂၀၁၃ ရက်(သောကြာနေ့)တွင် မင်္ဂလာမော်ကွန်းတင် လက်မှတ်ရေးထိုးပေးပါသော ရန်ကုန်တိုင်းဒေသကြီး တရားလွှတ်တော်လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နွယ်နွယ်ရီအားလည်းကောင်း၊ ၁-၅-၂၀၁၃ ရက်(ဗုဒ္ဓဟူးနေ့)တွင်ကျင်းပသော မင်္ဂလာဦးဆွမ်းကျွေးအလှူသို့ ကြွရောက်ချီးမြှင့်ပေးပါသော ဆွေမျိုးမိတ်သင်္ဂဟများအားလည်းကောင်း လှိုက်လှဲစွာအထူးပင် ကျေးဇူးဥပကာရတင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

**နှစ်ဖက်သောမိဘများနှင့်**
**မောင်မျိုးမင်းမြတ်-မအေမရာဟိန်း**

---

# Ponnami Language Centre

18 Aung Zeya Road, Kyauk Kone, Yankin
Ph: 566061, 653223, 09 50 16378, 09 500 3081

**Daw Ponnami Kyaw**
MA(American University)
BA(Eng)Hons.
Certificate in
TESOL (American University)
Specialist Certificate in
Language Curriculum And
Materials Development
(RELC, S'pore)

**Weekend Classes**

**Can Enroll now**

**Starting Date: 8th June**

---

## Aspect Management (Myanmar) Co.,Ltd

Aspect နဲ့ ...

ဝန်ထမ်းအလိုရှိသည်။

Security Guards

1. Supervisors and Body Guards

2. A grade

3. B grade

CV Form

Ph : 01-541758, 549069, 09-5406730, 09-5109884, 09-73206432

---

ဖေအးဇော်မိုး (စက်မှု)



Ph.09-5109770, 09-5127833, 01-510344, 01-532064

website: www.phyomoetheinkha-studio.com

www.facebook.com/aye zaw moe - setthmu

---

## ဖခင်အမည်မှန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ အစိုးရအထက်တန်းကျောင်း အမှတ်(၄) (၉)တန်း G တွင် ပညာသင်ကြားနေသော မောင်ဗိုဝင်းအောင်၏ဖခင်အမည်မှန်မှာ ဦးထွန်းရ ဖြစ်ပါသည်။

## ဖခင်အမည်မှန်

အင်းစိန်မြို့နယ်၊ အလက(၁၀)အဌမတန်း(B)မှ မလင်းသန္တာ၏ ဖခင်အမည်မှန်မှာ ဦးကိုလင်း[၉/နထက(နိုင်)၁၂၁၆၁၁]ဖြစ်ပါကြောင်း။

**ဦးကိုလင်း[၉/နထက(နိုင်)၁၂၁၆၁၁]**

---

ငွေရှာလုပ်ကိုင်ဆောင်သွားရာ ဖြစ်ပါပြီ

**ဖြေလုပ်းတင်သောင်းလမ်းညွှန်ပါနှင့်**

**အသိကျယ်ပိုင်စေနိုင်သောနည်းများ**

**ကြည်လွင်မြင့်(မှန်ဘာ)**

---




---




---

**ပျောက်ဆုံး**

ကျွန်တော် ဦးပြည့်စုံ CDC-68614 ၏သင်္ဘောသားမှတ်ပုံတင် (CDC)ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဦးပြည့်စုံ Ph:09-420002814**

---

၁။ မင်္ဂလာဒုံ၊ ကုန်းတလဘောင်အမှတ်(၃) လမ်းမကြီးမှ ပေ ၁၅၀၀ ခန့်အကွာ ပေ ၃၀ လမ်းမပေါ် မေးတင် ပေ(၃၂ × ၇၅) ရောင်းဈေး သိန်း(၁၂၀)

၂။ အခြား ခြံကျယ်များရှိ

**ဆက်သွယ်ရန်ဖုန်း-၀၉၇၃၀၉၁၃၂၂**

---

## ခွေးရောင်းမည်

Rottweiler 4လ

Chihuahua 3လ

Golden Retriever 2လ

**Ph:09420267148, 0973115356**

---

## ဒေါင်းသရဖူ

**Maritime Training Centre**

★ BST (4 Tickets)

★ Pre-sea (Deck & Engine)

---

**အမွေဆက်ခံရန် သက်သေခံလက်မှတ်ရစေခြင်းငှာ၊**
**လျှောက်ထားကြောင်း အကြောင်းကြားစာ**
**(အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေပုဒ်မ ၃၇၃။)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံးတော်**
**၂၀၁၃ ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၈၈**
**ကွယ်လွန်သူ ဒေါ်စိန်နု၌ ကျန်ရှိရစ်သောပစ္စည်းအကြောင်း။**

ဒေါ်လှလှမြင့် **လျှောက်ထားသူ**

အမှတ်-၃၈၂၊ ကမ်းနားလမ်း၊
အမှတ်(၅)ရပ်ကွက်၊ လသာမြို့နယ်၊ ရန်ကုန်မြို့

ရန်ကုန်မြို့၊ လသာမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ကမ်းနားလမ်း၊ အမှတ်-၃၈၂ နေ ဒေါ်လှလှမြင့်က ကွယ်လွန်သူ ဒေါ်စိန်နု၏သမီးဖြစ်သည်ဟူ၍ အထက်ဖော်ပြပါ နေရပ်လိပ်စာနေ ၎င်းကွယ်လွန်သူ ဒေါ်စိန်နုမှာ ကျန်ရှိရစ်သော ပစ္စည်းပိုင်နက်ရရန်ရှိသော ကြွေးမြီများကို ကောက်ခံရန် အမွေဆက်ခံရန် သက်သေခံလက်မှတ်စာ အက်ဥပဒေအရ လက်မှတ်စာရလိုကြောင်း ဤရုံး၌လျှောက်ထားချက်ရှိသည်ဖြစ်၍ ထိုသို့လျှောက်ထားကြောင်းကို အများလူတို့ သိကြားစေခြင်းငှာ ကြော်ငြာသည်မှာ ၎င်းကွယ်လွန်သူ ဒေါ်စိန်နုမှာ ကျန်ရစ်သော ပစ္စည်းများအပေါ်၌ ရရန်ရှိသူ လူဟူသမျှတို့သည် ဤရုံးသို့ ၂၀၁၃ ခုနှစ်၊ ဇွန်လ ၁၈ ရက်(၁၃၇၅ ခုနှစ်၊ နယုန်လဆန်း ၁၀ ရက်) နံနက် ၁၀ နာရီတွင် လာရောက်ကြရမည်။ ၎င်းနေ့ရက်တွင် လျှောက်သူ ဒေါ်လှလှမြင့်၏ လျှောက်ချက်ကို ကြားနာ၍ လက်မှတ်ရသင့် မရသင့်သည့်အကြောင်းကို စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၁၃ ခုနှစ်၊ မေလ ၂၈ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(ခင်နှင်းဦး)**
**တွဲဖက်ရိုင်တရားသူကြီး(၂)**
**ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီးတင်စိုး(ငြိမ်း)
### ကြည်း-၇၈၇၃၊ D.S.A အမှတ်စဉ်(၁)
### အသက်(၇၈)နှစ်

ရန်ကုန်မြို့၊ (၃၇)လမ်း(အထက်)၊ အမှတ်[၂၁၃၊ ဒုတိယထပ်(ဝဲ)]နေ ဒေါ်အေးသန်း၏ခင်ပွန်း၊ တပည့်များ၏ လက်ဦးဆရာ ဒုတိယဗိုလ်မှူးကြီးတင်စိုး (ငြိမ်း)သည် ၂၈-၅-၂၀၁၃ရက် ၁၀း၃၀နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ် အမှတ်စဉ်(၁၆)ကျောင်းဆင်းများ**

## (၂)နှစ်ပြည့်လွမ်းဆွတ်အမှတ်တရ
### ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယိကာမကြီး
### ဒေါ်မေသဇင်
### (ကျောင်းအုပ်ဆရာမကြီး-ငြိမ်း)ထောက်ကြန့်မြို့

ရုပ်၊ နာမ်၊ ဓမ္မ သင်္ခါရ၏ မမြဲသော ဖောက်ပြန်မှုများကို မလွန်ဆန်နိုင်ဘဲ မရဏတရားနောက်သို့ လိုက်သွားရရှာသော ကျေးဇူးရှင် အစ်မအတွက် နေ့စဉ်၊ လစဉ်ပြုသမျှ ကုသိုလ်အစုစုနှင့် ယနေ့ ၁-၆-၂၀၁၃ရက်တွင် မဟာသစ္စာကာရီ ကျောင်းတိုက်တွင် ရဟန်းခံ အလှူပြုလုပ်ခြင်း၊ ဘုရားအမှူးရှိသော သံဃာတော်များ၊ သီလရှင်များ၊ ယောဂီများ မိတ်ဆွေသင်္ဂဟများအား ဆွမ်းလှူဒါန်းရခြင်း ထောက်ကြန့်မြို့ နာရေးကူညီမှုအသင်းအား အောက်ဆီဂျင်ဘူးလှူဒါန်းခြင်း၊ အစရှိသော ကုသိုလ်ကောင်းမှုတို့ကို အစ်မ ရောက်ရှိရာ ဘုံဘဝမှ သာဓု ခေါ်ဆိုနိုင်ပါစေ----

အစ်မရေ အမျှ--အမျှ--အမျှ---

**ညီမ ဒေါ်အေးမြင့်(အထက-၃ မင်္ဂလာဒုံ)**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးဝင်းလှိုင်အောင် အသက်(၄၀)
### (နောင်ရိုး၊ နှင်းဝေလွင်ဧည့်ရိပ်သာနှင့် စားသောက်ဆိုင်)

ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့တော်ဂေါက်ကွင်းမှ အထွေထွေမန်နေဂျာ ဦးစောလင်း-ဒေါ်ချိုမာဝင်းကြည်၏ ညီ ဦးဝင်းလှိုင်အောင် (နောင်ရိုး၊ နှင်းဝေလွင်ဧည့်ရိပ်သာနှင့် စားသောက်ဆိုင်)သည် ၂၉-၅-၂၀၁၃ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၈း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဒုတိယအထွေထွေမန်နေဂျာနှင့်**
**မြို့တော်ဂေါက်ကွင်းဝန်ထမ်းမိသားစု**

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
### ဟာဂျီ K.P မိုဟာမက်အီစမိုင်(ခ)ဦးတင်လှိုင်
### အသက်(၆၈)နှစ်
### မဒီနာအထည်ဆိုင်၊ မြေညီထပ်၊ ၅၁၁၊ အဆင့်မြင့်မင်္ဂလာဈေး

ရန်ကုန်မြို့၊ ကျောက်တံတားမြို့နယ်၊ အမှတ်(၁၈၄)၊ (၃၆)လမ်း(အလယ်)နေ[ဒေါ်ရာမသူနီရှား(ခ)ဒေါ်သန်းတင်]၏ ခင်ပွန်း၊ မမြသိန်း၊ မမြတင်၊ ကိုဝင်းမောင်၊ မလှမြင့်၊ ကိုတင်ရွှေ၊ မချိုချိုတင်တို့၏ ဖခင်၊ မြေးငါးယောက်တို့၏အဘိုး ဟာဂျီ K.P မိုဟာမက်အီစမိုင် (ခ)ဦးတင်လှိုင်သည် ၂၇-၅-၂၀၁၃(တနင်္လာနေ့)နံနက် ၉း၃၀နာရီတွင် အလ္လာဟ်သျှင်မြတ်အမိန့် တော်ခံယူသွားပါသဖြင့် ယင်းနေ့ အဆွရ် ဆွလာသ်အပြီး ရေဝေးစွန္နီ ကဘာရ်စတန်၌ ဂျနာဇဟ်ဆွလာသ်ဖတ်ပြီး ဒါဖွာနာပြီးဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ မိတ်ဆွေများ အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း
### ဦးအောင်သန်း(မြင်းခြံ) (၇၇)နှစ်

မကွေးမြို့၊ ဆည်မြောင်းဦးစီးဌာန၊ စက်မှုတိုင်း(၃)မှ ဒုတိယညွှန်ကြားရေးမှူး ဦးသန်းထိုက်နှင့် ဇနီး ဒေါ်ခက်ခက်ဇော်မင်းတို့၏ဖခင် ဦးအောင်သန်း အသက်(၇၇)နှစ် ပွဲစားကြီး ကြံတိုင်းအောင်ပွဲရုံ မြင်းခြံမြို့သည် ၂၉-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားကြောင်း သိရပါ၍ မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**စက်မှုဝန်ထမ်းများ၊ စက်မှုလုပ်ငန်းရုံး၊ တည်ဆောက်ရေး(၂)၊ ပြည်မြို့**

## အထူးဝမ်းနည်းကြေကွဲခြင်း
### ဒေါ်စောမြ
### အသက်(၆၅)နှစ်

တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်နေ သရက်ချောင်းမဲဆန္ဒနယ်အမှတ်(၁)မှ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးငွေဝင်း၏ဇနီး ဒေါ်စောမြသည် ၂၇-၅-၂၀၁၃ရက်တွင် ကွယ်လွန်ကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ဦးကင်းစိန်-ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်**
**ဦးအောင်ဝင်း-အမျိုးသားလွှတ်တော်ကိုယ်စားလှယ်**
**ဦးစိုးထွေး-တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်**
**သရက်ချောင်းမြို့နယ်၊ မဲဆန္ဒနယ်**




## ဝမ်းနည်းကြေကွဲခြင်း
### ဒုတိယဗိုလ်မှူးကြီး ခင်မောင်ညို(ငြိမ်း)
### ကြည်း-၆၉၃၉
### အသက်(၈၄)နှစ်

ရန်ကုန်မြို့နေ (ဦးမောင်မောင်ကြီး-ဒေါ်အမာ)တို့၏သား၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ခင်ဦးမြို့နေ(ဦးဖိုးထီ-ဒေါ်ညို)တို့၏ သားသမက်၊ အမှတ်-၂၉/၉၁၊ စပွါယ်လမ်း၊ ဝန်ထမ်းကြီးများရပ်ကွက်၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်ကစ်တီ (ဒေါ်ခင်သန်းကြည်)၏ ခင်ပွန်း၊ ဒေါ်ဥမ္မာညို(သုတေသနနှင့်ဖွံ့ဖြိုးရေးဗဟိုဌာန)၊ ဦးသတိုးအောင်(ဒု-ညွှန်ချုပ်၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန)-ဒေါ်သီတာညိုညို (အထက-၈၊ နန်းမြို့)၊ ဒုတိယဗိုလ်မှူးကြီးတိုးလွင်(ကပစ)-ဒေါက်တာမာလာညို(သမိုင်းဌာန၊ ရွှေဘိုတက္ကသိုလ်)၊ ဦးကိုကိုမောင်-ဒေါ်ဖြိုးဖြိုးလွင်၊ ဦးပြည်စိုး(မန်နေဂျာ၊ Royal Crown Hotel)-ဒေါ်အေးမြကျော် (ပြည်တွင်းအခွန်)တို့၏ ဖခင်သည် ၂၈-၅-၂၀၁၃ရက်(အင်္ဂါနေ့)နံနက် ၄နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**ကြေးတိုင်နှင့်မြေစာရင်းမိသားစု လူမှုရေးအသင်း**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး
### ဒေါ်နုနု (၆၅)နှစ်
### (နုနု) နိဗ္ဗာန်ကုန်ဆိုင်၊ ရွှေတိဂုံတောင်ဘက်မုခ်

ရန်ကုန်မြို့၊ သုဝဏ္ဏ (၂၄)ရပ်ကွက်၊ ရေနံ့သာလမ်းသွယ်(၄)၊ အမှတ် (၁၉၉/၅)နေ (ဦးချစ်ခိုင်-ဒေါ်တင်အိ)တို့၏သမီး၊ (ဦးကိုကျင်-ဒေါ်သန်းကြည်) တို့၏သမီးချွေးမ၊ ဦးသိန်းအေး၏ဇနီး၊ မတိုးရင်၊ ကိုခင်မောင်မြင့်-မမျိုးမျိုးအေး၊ ကိုသန်းလှိုင်-မဥမ္မာသန်း၊ ကိုအောင်ဝင်းကျော်-မသင်းသင်းအေးတို့၏မိခင်၊ မောင်အောင်ပြည့်စုံ၊ မခင်ရတနာဖြိုးတို့၏အဘွားသည် ၃၀-၅-၂၀၁၃ရက် နံနက် ၆ နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၃ ရက် မွန်းတည့် ၁၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် သင်္ဂြိုဟ်ပါမည်။ (နေအိမ်မှကားများ နံနက် ၁၀း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိုးအောင် (၆၁)နှစ်
### M.D (NEW WORLD TRADING Co., Ltd.)

ရန်ကုန်မြို့၊ အမှတ်(၁၀၂)၊ သစ်တောလမ်း၊ အလုံမြို့နယ်နေ (ဦးလှ)-ဒေါ်ရှုတို့၏ သားငယ်၊ (ဦးသိန်း-ဒေါ်ကျင်)တို့၏သားသမက်၊ (ဦးသန်းအောင်)-ဒေါ်ခင်ဆွေဝင်း၊ ဒေါ်ခင်မိုးခိုင်-ဦးခင်နိုင်၊ ဦးသန်းရွှေ-ဒေါ်အေးအေးသန်း၊ (ဦးသန်းလွင်)-ဒေါက်တာ ဒေါ်နှင်းနှင်းဝေတို့၏ ညီ/မောင်၊ ဒေါ်တင်တင်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သိန်းထိုက်အောင်၊ မောင်မင်းထိုက်အောင်၊ မောင်ဟိန်းထိုက်အောင်တို့၏ ချစ်လှစွာသောဖခင်၊ မနွယ်နွယ်အောင်-ကိုထွန်းထွန်း၊ ကိုဇော်ဝင်းထွန်း၊ မခင်လဲ့လဲ့အောင်- Brad Kumagai၊ ကိုမင်းသူရ-မမီမီဝင်း၊ ကိုညဏ် ဖြိုးလွင်၊ ကိုဝင်းသူရိန်၊ မနှင်းအိလွင်၊ မဇင်နွယ်ဝင်းတို့၏ချစ်လှစွာသောဦးလေး ဦးစိုးအောင်သည် ၃၀-၅-၂၀၁၃ရက် နံနက် ၇း၀၅ နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယ ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၃ (စနေနေ့) နံနက် ၁၁နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဦးစိုးအောင် (၆၁)နှစ်
### M.D (NEW WORLD TRADING Co., Ltd.)

ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်နေ (ဦးသိန်း-ဒေါ်ကျင်)တို့၏သားသမက်၊ ဦးအောင်သန်း-ဒေါ်မာလာခိုင်(ရွှေရည်ဦး ရတနာရွှေဆိုင်)၊ ဦးထွန်းမင်း-ဒေါ်နှင်းနှင်းဝေ (တော်ဝင်ရွှေရည်ဦး ရတနာရွှေဆိုင်)၊ ဦးအောင်မြင့် (ရွှေရည်ဦး ရတနာ ရွှေဆိုင်)၊ ဦးမောင်မောင်စိန်-ဒေါ်မိုးသီတာ (ရွှေနန်းထိုက် ရတနာရွှေဆိုင်)တို့၏ ညီ/အစ်ကို၊ ဒေါ်တင်တင်မြင့်၏ ချစ်လှစွာသောခင်ပွန်း၊ မောင်သိန်းထိုက်အောင်၊ မောင်မင်းထိုက်အောင်၊ မောင်ဟိန်းထိုက်အောင်တို့၏ ချစ်လှစွာသောဖခင်၊ မဟန်နီအောင်-ကိုစိုးစိုးလှိုင်၊ Dr. စန္ဒီထွန်းမင်း၊ မောင်ချမ်းငြိမ်းဇော်၊ Randy Aung Victor မောင်မောင်စိန်၊ မသိဂီမြင့်တို့၏ဦးလေး ဦးစိုးအောင်သည် ၃၀-၅-၂၀၁၃ ရက် နံနက် ၇း၀၅နာရီတွင် ရန်ကုန်မြို့ ဝိတိုရိယဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၃ရက် နံနက် ၁၁နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမောင်နှမများ

## Capt; ဦးမျိုးသိန်း (၅၅)နှစ်
### JSM.Shipping Co., Ltd, Ex.PPFC

ရန်ကုန်မြို့၊ အမှတ်(၅၉)၊ (၄)လမ်း၊ (၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်နေ (ဦးခင်မောင်ညွှန့်-ဒေါ်သောင်း)တို့၏ သား၊ ရေးမြို့နေ ဦးတင်လှိုင်-ဒေါ်ချောတီတို့၏သားသမက်၊ ဦးအုပ်စိုး-ဒေါ်စိန်ငွေးတို့၏တူသား၊ ဦးခင်ကို-ဒေါ်အေးအေးနွယ်၊ ဦးသိန်းလွင်-ဒေါ်ယဉ်ယဉ်နွယ်၊ ဦးညီညီအောင်-ဒေါ်စိုးငွေး၊ ဦးခန့်စိုး-ဒေါ်နန်းသူဇာရီ၊ ဒုတိယဗိုလ်မှူးကြီးသိန်းထူး-ဒေါက်တာမအေးစိုးတို့၏အစ်ကို၊ အိုက်ကိုးစံ၊ ရီမွန်တို့၏ဘဘကြီး၊ မစိုးမြတ်မြတ်မျိုး (2nd Year Russian YUFL)၏ မွေးသဖခင်၊ ဒေါ်မြတ်မြတ်နွယ်၏ချစ်လှစွာသောခင်ပွန်း၊ Capt; ဦးမျိုးသိန်းသည် ၁၈-၅-၂၀၁၃ရက် Australia နိုင်ငံ ဒေသစံတော်ချိန် နံနက် ၉း၂၅နာရီ မြန်မာ့စံတော်ချိန်နံနက် ၇း၅၅ နာရီတွင် MV.SHIN KENRYU ၌ တာဝန်ထမ်းဆောင်နေစဉ် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်မည်ဖြစ်ပါသည်။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ပါသည်။)

ကျန်ရစ်သူမိသားစု

## အလ္လာဟ်သျှင်မြတ်အမိန့်တော်ခံယူခြင်း
### အလ်ဟာဂျ်မော်လာနာ
### မိုဟာမက်ဟူစင်(ခ)ဦးစိုးနိုင်
### အေရှာသွလ်အူလွန်(မ်)(ရေတွင်းကုန်း)
### အသက်(၆၉)နှစ်

ပဲခူးတိုင်းဒေသကြီး၊ ပြွန်တန်ဆာမြို့၊ ဥတိုပိုင်းနေ (ဦးဟာမေသာလီ-ဒေါ်အမီ နာဘီ)တို့၏ သားထွေး၊ အလ်ဟာဂျ် ဦးအီဆပ်-[ဟာဂျီမဒေါ်ဂွလ်မဲ့ရ်(ခ) ဒေါ်ဖွတ် တီး]တို့၏ သားသမက်၊ ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄)ရပ်ကွက်၊ (၅၃)လမ်းအောက်လမ်း၊ အမှတ်(၁၆/ B-2) ပထမထပ်နေ ဟာဂျီမဒေါ်ဆိုင် ရာဘီ၏ခင်ပွန်း၊ မခင်မျိုးထွန်း-ကိုရွှေလှ (ရွှေကမ္ဘာစတိုး၊ မင်္ဂလာဈေး)၊ မောင်ဇာနည်အောင်၊ မောင်ဇော်မျိုးထက် (ခ)ဘိုဘို (ဘိုဘိုနှင့်ညီအစ်ကိုများတာယာဆိုင်)၊ မအေးအေးမော်၊ မောင်ကျော်မျိုးထက်၊ မရွှေရည်လင်း (G-6 C, ထ-၅၊ ဗတထ)တို့၏ မွေးသဖခင်ကျေးဇူးရှင်၊ မြေးသုံးယောက်တို့၏အဘိုး အလ်ဟာဂျ် မော်လာနာမိုဟာမက်ဦးဟူစင်သည် အလ္လာဟ်သျှင်မြတ်အမိန့်တော် ခံယူသွားပါသဖြင့် ၂၇-၅-၂၀၁၃ (တနင်္လာနေ့) အစွရ်နမာဇ် အပြီးတွင် ရေဝေးစွန္နီ ကဘာရ်စတန်၌ ဒါဖွာနာပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု

## ဒေါ်နှင်းမြ
### (ထားဝယ် သရက်ချောင်း)
### အသက်(၉၈)နှစ်

ဦးယုရှိန်-ဒေါ်သန်းစိန် (ရွှေဝယ် ရတနာကားအသင်း)တို့၏ မိခင်ကြီး ဒေါ်နှင်းမြသည် ၃၀-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၁၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂-၆-၂၀၁၃ (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ကျောက်မြောင်းရပ်၊ အမှတ် (၅၉)မှ မော်ရှည်ကုန်းသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု

## အကောက်ခွန်ဝန်ထမ်းဟောင်းများအသင်း
### ဦးသိန်းထွန်း
### အသက်(၈၈)နှစ်
### ညွှန်ကြားရေးမှူး(ငြိမ်း)

ရာသက်ပန်အသင်းဝင်အမှတ် (၃၃၁) ဦးသိန်းထွန်းသည် ၈-၅-၂၀၁၃ ရက်တွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း အသင်းသူ၊ အသင်းသားများအား အကြောင်းကြားအပ်ပါသည်။

အမှုဆောင်အဖွဲ့

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တ ဇာဂရမဟာထေရ်
### သိက္ခာတော်(၄၇)ဝါ၊ သက်တော်(၆၇)နှစ်
### (လှည်းကူး)

ရန်ကုန်တိုင်းဒေသကြီး၊ လှည်းကူးမြို့၊ မြို့မရပ်ကွက်၊ ဘုရားကျောင်းတိုက်၏ ဦးစီးပဓာန နာယကဆရာတော် ဘဒ္ဒန္တ ဇာဂရမဟာထေရ်အရှင်သူမြတ်သည် (၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်) ၂၄-၅-၂၀၁၃(သောကြာနေ့) ည ၉း၃၅နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ဥတုဇရုပ်ကလာပ် တော်ကို (၁၃၇၅ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၀ရက်) ၃-၆-၂၀၁၃(တနင်္လာနေ့) မွန်းလွဲ ၁နာရီတွင် အန္တိမဈာပန ကျင်းပပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီး တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားအပ်ပါသည်။

ဈာပနကျင်းပရေးကော်မတီ

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### (ဓမ္မာစရိယ၊ ဓမ္မကထိက၊ ဗဟုဇန ဟိတဓရ၊ ကမ္မဋ္ဌာနာစရိယ)
### ပဲခူးမြို့၊ ဥဿာမြို့သစ် ပညာမွန်ကျောင်းတိုက် ပဓာနနာယကကျောင်းထိုင်ဆရာတော်
### လက်စွဲကျမ်း၊ ဘဝသံသရာကျမ်း၊ မြတ်ကထိန်ကျမ်းပြုဆရာတော်
### ဘဒ္ဒန္တ ပညာသာမိ
### သိက္ခာတော်(၄၇)ဝါ၊ သက်တော်(၆၆)နှစ်

ပဲခူးမြို့၊ ဥဿာမြို့သစ်၊ ရန်ကုန်-မန္တလေးလမ်းမကြီး၊ ပညာမွန်ကျောင်းတိုက် ပဓာနနာယကဆရာတော် ဘဒ္ဒန္တပညာသာမိ ပြည်တွင်းပြည်ပသာသနာပြု အရှင်သူမြတ်သည် (၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ရက်) ၃၀-၅-၂၀၁၃ (ကြာသပတေးနေ့) နံနက် ၈း၂၀နာရီတွင် ပဲခူးမြို့ပြည်သူ့ဆေးရုံကြီး၌ ဘဝနတ်ထံ ပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်ရစ်သော ရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၂ရက်) ၅-၆-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းတည့် ၁၂နာရီတွင် ပဲခူးမြို့ ဆင်ဖြူကွင်းသုသာန်၌ အန္တိမအဂ္ဂိဈာပန ကျင်းပမည်ဖြစ်ပါသောကြောင့် ရပ်ဝေးရပ်နီး အသီးသီးရှိ ဆရာတော်၊ သံဃာတော်များနှင့် တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။

ဈာပနကော်မတီ
ပညာမွန်ကျောင်းတိုက် ပဲခူးမြို့

## ဘဝနတ်ထံပျံလွန်တော်မူခြင်း
### ဘဒ္ဒန္တ ဉာဏသေဋ္ဌာဘိဝံသ
### သိက္ခာတော်(၄၇)ဝါ၊ သက်တော်(၆၆)နှစ်

ဧရာဝတီတိုင်းဒေသကြီး၊ ဘိုကလေးမြို့၊ အမှတ်(၄)ရပ်ကွက်၊ လယ်တီ ကျောင်းတိုက် ဒုတိယနာယကဆရာတော် ဘဒ္ဒန္တဉာဏသေဋ္ဌာဘိဝံသသည် (၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၃ရက်) ၂၇-၅-၂၀၁၃(တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် ကြွင်းကျန်သောရုပ်ကလာပ်တော်ကို (၁၃၇၅ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၉ရက်) ၂-၆-၂၀၁၃ (တနင်္ဂနွေနေ့)တွင် နိဗ္ဗာန် ကျောင်းချပြီး (ကဆုန်လပြည့်ကျော် ၁၃ရက်) ၆-၆-၂၀၁၃ (ကြာသပတေးနေ့)တွင် အန္တိမအဂ္ဂိဈာပန သာဓုကီဠနသဘင် ဆင်ယင်ကျင်းပမည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ တပည့်ဒါယကာ၊ ဒါယိကာမအပေါင်းတို့အား ဖိတ်ကြားအပ်ပါသည်။

တပည့်သံဃာတော်များနှင့်
ဒါယကာ၊ ဒါယိကာမများ

## ဝမ်းနည်းကြေကွဲခြင်း
### ဦးသိန်းလှိုင်(ခ)ဆရာသိန်း

ဆရာသိန်းသည် ၂၉-၅-၂၀၁၃(ဗုဒ္ဓဟူးနေ့) နံနက် ၉း၄၉နာရီတွင် ကွယ်လွန်သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။ ဆရာသိန်း ကောင်းရာသုဂတိလားပါစေ။

**Pioneer ဝန်ထမ်းမိသားစု**

## ခရစ်တော်၌အိပ်ပျော်ခြင်း
### ဦးဘမြင့်(ခ)အပါးကြီး
### (ပြည်သူ့ရဲ-ငြိမ်း)
### သင်းထောက်ကြီး၊
### ကံဘဲ့နှစ်ခြင်းအသင်းတော်
### အသက်(၈၀)

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၊ (၃၉/B)ရပ်ကွက်၊ သမာဓိ(၃) လမ်း၊ အမှတ် (၁၀)နေ (ဦးမိုက်ကယ်-ဒေါ်နဲလေ)တို့၏သား၊ (ဒေါ်အယ်လ်စီ) ၏ချစ်လှစွာသောခင်ပွန်း၊ (ဦးငွေး အောင်)-ဒေါ်စန်းစန်းမြင့်၊ ဦးစိန်သန်း-ဒေါ်လှလှမြင့်၊ (ဦးသောင်းထွဋ်လှိုင်)-ဒေါ်မြင့်မြင့်ဆိုင်(ရန်ကင်းမြို့နယ်ရဲတပ်ဖွဲ့စခန်း)၊ ဦးအောင်ကိုကို (မြန်မာသံတော်ဆင့် သတင်းဂျာနယ်၊ လက်ထောက်အယ်ဒီတာ)-ဒေါ်မာလာမြင့်၊ ဦးဖြိုးအောင်-ဒေါ်မာသီမြင့်၊ ဦးနေလင်းဇော်-ဒေါ်ဝါဝါမြင့်၊ ဦးဆန်နီမြင့်-ဒေါ်မေသဇင်၊ ဦးစံစီမြင့်-ဒေါ်နီလာအောင်၊ ဦးခန့်မောင်မောင်-ဒေါ်တင်စီနွယ်တို့၏မွေးသဖခင်၊ မြေး ၁၉ယောက်တို့၏အဘိုး၊ မြစ်ခြောက်ယောက်တို့၏ဘိုးဘိုးကြီး ဦးဘမြင့်သည် ၃၀-၅-၂၀၁၃ရက် နံနက် ၇နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၆-၂၀၁၃(စနေနေ့) မွန်းလွဲ ၁နာရီတွင် ရေဝေးခရစ်ယာန်ဂိုဏ်းပေါင်းစုံဥယျာဉ်တော်၌ ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင်ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

## ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယိကာမကြီး
### ဒေါ်အေးသီ(ဖားအောက်)
### အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ သုဝဏ္ဏ၊ (၆/၁)၊ ကောက်လျှင်လမ်းနေ (ဦးဘိုးတီ-ဒေါ်စိန်မေ)တို့၏သမီး၊ (ဒေါ်နှင်းရင်)၊ (ဦးပန်းမွှေး)၊ ဒေါ်မြစိန်၊ ဦးစိုးမြင့် (လှည်းကူး)၊ ဦးစိန်သွင်(ဖားအောက်)တို့၏ညီမ၊ ဒေါ်ရင်စိန် (Sisten-ငြိမ်း၊ YGH) ဦးသန်းစိုး၊ ဒေါ်ကြည်ဝင်းတို့၏အစ်မသည် ၃၀-၅-၂၀၁၃ ရက် နံနက် ၉း၄၅ နာရီတွင် ရန်ကုန်ဆေးရုံကြီး နှလုံးရောဂါကုဌာန၌ ကွယ်လွန်သွားပါသဖြင့် ၁-၆-၂၀၁၃ရက် မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ကောက်လျှင်လမ်းနေအိမ် မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအား ရည်စူး၍ ၅-၆-၂၀၁၃ရက် နံနက် ၇ နာရီမှ ၁၁နာရီထိ ရက်လည်ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ဒေါ်လှမြိုင်(မန္တလေး)
### အသက်(၈၅)နှစ်

တိုက်(၉)၊ အခန်း(E)၊ ဝါးတန်းကုန်ရုံ (မြန်မာ့မီးရထားဝင်း)၊ ဆိပ်ကမ်းမြို့နယ်နေ (ဦးဘသန်း-ဒေါ်အေးစိန်)တို့၏သမီး၊ (ဦးတင့်အောင်)၏ဇနီး၊ [ကိုအောင်မြင့် (ဇာတ်လမ်းရုပ်ရှင်)]၊ ဦးသိန်းအောင်(ရန်ကင်း ထွေ/အုပ်ရုံး)-ဒေါ်အေးအေးမြိုင် (ရန်ကင်းမြို့နယ်၊ သမဆေးခန်း)၊ ဦးအောင်လွင်မောင် (မြန်မာ့မီးရထား)-ဒေါ်ရွှေမိ၊ ဦးလှမျိုး-ဒေါ်ခင်မြင့်သန်း၊ ဦးသန်းဇော်မိုး (သိပ္ပံနှင့်နည်းပညာ)၊ ဦးကျော်ကျော်(သိပ္ပံနှင့်နည်းပညာ) တို့၏မိခင်ကြီး၊ မောင်သန့်လွင်ဦး၊ မသန္တာလွင်၊ မခိုင်ဝေဇင်၊ မခိုင်ဇာသင်းတို့၏ အဘွားသည် ၂၈-၅-၂၀၁၃ (အင်္ဂါနေ့) ညနေ ၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၉-၅-၂၀၁၃ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၂း၁၅နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား သိစေအပ်ပါသည်။ [ကွယ်လွန်သူအား ရည်စူး၍ ၃-၆-၂၀၁၃ (တနင်္လာ နေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ ရက်လည် ဆွမ်းကျွေးတရားတော်နာ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

## ခရစ်တော်၌အိပ်ပျော်ခြင်း
### Pa Gin Lian Thang
### အသက်(၅၂)နှစ်
### (Tawm Bing Beh)
### ကုန်းလမ်းပို့ဆောင်ရေး

ချင်းပြည်နယ်၊ တွန်းဇန်မြို့နေ (Pu Neng Khan Kham)-Pi Tel Khaw Cing တို့၏သား၊ (Pa Lian Suan Mang)၊ Evan: Nang Suan Hau၊ Nu Luai Lam Niang၊ Tg Kham Dong Kiim၊ Nu Khem Lun Cing၊ Tg Thang Khat Muan Sang တို့၏အစ်ကိုကြီး၊ Lia Cing Deih Kim၊ Lia Ngun Leih Tial၊ Tg Kham Lam Mang တို့၏ ချစ်လှစွာသော ဖခင်၊အမှတ်(၄/ခ)၊ မင်္ဂလာလမ်းသွယ်(၂)လမ်း၊ ရွှေနှင်းဆီရပ်ကွက်၊ ဝါယာလက်၊ မင်္ဂလာဒုံမြို့နယ် နေ (Nu Tin Swe) ဒေါ်မူမူခိုင်၏ခင်ပွန်း Pa Gin Lian Thang သည် ၃၀-၅-၂၀၁၃ရက် နံနက် ၁၀း၄၅နာရီတွင် ခရစ်တော်၌အိပ်ပျော်သွားပါသဖြင့် ၁-၆-၂၀၁၃ရက် နံနက် ၉နာရီတွင် ခရစ်ယာန်ဂိုဏ်းပေါင်းစုံ ဥယျာဉ်တော်ခန်းမ၌ ဝတ်ပြုကိုးကွယ်ပြီး ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ (ဆူးလေ ဧမာနွေလဘုရားကျောင်းရှေ့မှ ကားများ နံနက် ၈နာရီနှင့် ဝါယာလက်နှင့် နေအိမ်တို့မှကားများ နံနက် ၈း၃၀ နာရီတွင် ထွက်ပါမည်။)

ကျန်ရစ်သူမိသားစု

# ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သောကူညီထောက်ပံ့မှုများကို အစွမ်းကုန်ကူညီဆောင်ရွက်ပေးသွားမည်

နေပြည်တော် မေ ၃၁

ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းသည် လုပ်ငန်းကော်မတီအဖွဲ့ဝင် ပြည်ထောင်စုဝန်ကြီး ဦးအုန်းမြင့်နှင့် ဦးဝင်းထွန်း၊ ကာကွယ်ရေး စစ်ဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုး၊ ပြည်နယ်ဝန်ကြီးချုပ် ဦးလဂျွန်ငန်ဆိုင်း၊ လွှတ်တော်ကိုယ်စားလှယ် ဦးခက်ထိန်နန်နှင့် ဒေါ်ဒွဲဘူ၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ဇော်ဝင်း၊ ဒုတိယရှေ့နေချုပ် ဦးထွန်းထွန်းဦးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ကမ္ဘာ့ကုလသမဂ္ဂမှ ဗီဂျေနမ်ဘီးယားနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများ လိုက်ပါလျက် ယနေ့နံနက်ပိုင်းတွင် ဝိုင်းမော်မြို့ ရွှေညောင်ပင်ကျေးရွာရှိ သာဂရ သရက်တော ကယ်ဆယ်ရေးစခန်း၊ မိုင်းနားကျေးရွာရှိ စိန့်ဂျိုးဇက် မိုင်းနားယာယီတည်းခိုရေးစခန်းနှင့် မြစ်ကြီးနားမြို့ မြို့သစ်ရပ်ကွက်ရှိ ဂျန်မိုင်ကောင်း နှစ်ခြင်းကယ်ဆယ်ရေးစခန်းများသို့ သွားရောက်၍ ကယ်ဆယ်ရေးစခန်းများရှိ မိသားစုများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်းက နယ်မြေလုံခြုံရေးအရ ရပ်ရွာကိုစွန့်ခွာ၍ ကယ်ဆယ်ရေးစခန်းများ၌ လာရောက်နေထိုင်ကြသည့် မိသားစုများအား ကိုယ့်အိမ်ကိုယ့်ရာသို့မကြာမီ ပြန်လည်ပို့ဆောင်ရန် နှစ်ဖက်သဘောတူညီချက် ရရှိပြီးဖြစ်ကြောင်း၊ ထိုသို့ပို့ဆောင်ရာတွင်လည်း လုံခြုံရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးဆိုင်ရာ လိုအပ်ချက်များနှင့်ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် ဆက်လက်ဆောင်ရွက်နိုင်ရန် နှစ်ဖက်အဖွဲ့အစည်းများ အသေးစိတ် ဆွေးနွေးညှိနှိုင်းလျက်ရှိပါကြောင်း။

ထို့ပြင် ပြန်လည်ထူထောင်ရေးအတွက် လိုအပ်သော ကူညီထောက်ပံ့မှုများကိုလည်း နိုင်ငံတော်အစိုးရ၊ ပြည်နယ်အစိုးရအဖွဲ့များနှင့် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့တို့မှ အစွမ်းကုန်ကူညီဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် ပြည်သူအားလုံးကလည်း အစိုးရနှင့်အတူ လက်တွဲပူးပေါင်း ပါဝင်ဆောင်ရွက်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီးမြင့်စိုးက နှစ်ဖက်အဖွဲ့၏ သဘောတူညီချက်အရ ကယ်ဆယ်ရေးစခန်းများရှိ မိသားစုများအား ကိုယ့်အိမ်ကိုယ့်ရာသို့ မကြာမီပြန်လည်ပို့ဆောင်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် အေးချမ်းလုံခြုံစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးတို့အတွက်လည်း တပ်မတော်မှ အစွမ်းကုန်ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း ဖြင့် ပြောကြားသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ❑



ပြည်ထောင်စုငြိမ်းချမ်းရေးဖော်ဆောင်ရေးလုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ သမ္မတရုံးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်မင်း ကယ်ဆယ်ရေးစခန်းများရှိ မိသားစုများနှင့် ကျောင်းသား ကျောင်းသူများအတွက် ထောက်ပံ့ငွေများကို တာဝန်ရှိသူထံ ပေးအပ်စဉ်။ (သတင်းစဉ်)

# မဟာရန်ကုန်မြို့ပြဖွံ့ဖြိုးရေး မဟာဗျူဟာစီမံကိန်း၏ ဆိပ်ကမ်းနှင့် ကုန်စည်ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးကဏ္ဍ

မဟာဗျူဟာစီမံကိန်း၏ ဆိပ်ကမ်းနှင့် ကုန်စည်ပို့ဆောင်ရေးကဏ္ဍ၏ ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်နှင့် အကျိုးသက်ရောက်မှု ညွှန်းကိန်းအရ အပိုင်းသုံးပိုင်းဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ ဆိပ်ကမ်းအားအကျိုးရှိစွာ ဆောင်ရွက်နိုင်ရန်အတွက် အသုံးပြုချိန် ခြောက်ရက်ခွဲကြာမြင့်ရာမှ သုံးရက်ဖြင့် ခရီးစဉ်များပြေးဆွဲနိုင်ရန်၊ မန္တလေး-ရန်ကုန် ရေလမ်းခရီးကြာချိန်အား ခြောက်ရက်ပြေးဆွဲနေရာမှ သုံးရက်ဖြင့် ရေမိုင်နှုန်း တိုးချဲ့ပြေးဆွဲရန်




### သတင်း
### ကိုသက်(ဗိုလ်တထောင်)
### ဓာတ်ပုံ
### ခင်မောင်ဝင်း(ကြေးမုံ)

ကုန်သေတ္တာလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကုန်သေတ္တာတင်/ချမှု အချိုးအနေဖြင့် ၂၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းသို့ တိုးမြှင့်ဆောင်ရွက်ရန်တို့ဖြစ်သည်။

အပြည်ပြည်ဆိုင်ရာ ရန်ကုန်ဆိပ်ကမ်း၌ အဆင့်မြင့်ကုန်စည်ပို့ဆောင်ရေးလုပ်ငန်းတွင် ပေ ၂၀ ကွန်တိန်နာ (Number of Container Box-Twenty Foot Equivalent Unit) TEUs အရေအတွက် ၂၀၁၅ ခုနှစ် တွင် ၈ ဒသမ ၉၂ သိန်း၊ ၂၀၂၀ ခုနှစ်တွင် ၁၉ ဒသမ ၈၆ သိန်း၊ ၂၀၂၅ ခုနှစ်တွင် ၄၀ ဒသမ ၁၄ သိန်း TEUs သို့ ရောက်ရှိနိုင်ပြီး အခြားကုန်စည်ပို့ဆောင်ရေးတွင် ၂၀၁၅ ခုနှစ်တွင် ၈ ဒသမ ၅၂ သိန်း၊ ၂၀၂၀ ခုနှစ်တွင် စာမျက်နှာ ၃ ကော်လံ ၃ သို့ ❍

# အိန္ဒိယနိုင်ငံ အန်ဒရာပရာဒက်ရှ်ပြည်နယ်တွင် အပူလှိုင်းဖြတ်သန်း၊ လူ၅၀၀ကျော် သေဆုံး

ဘာသာပြန် ➢➢ အေဝမ်းစိုး

အိန္ဒိယနိုင်ငံတောင်ပိုင်း အန်ဒရာပရာဒက်ရှ်ပြည်နယ်၌ ဧပြီ ၁ ရက် မှစ၍ အပူလှိုင်းဖြတ်သန်းကျရောက်မှုကြောင့် မေ ၂၉ ရက်ထိ သေဆုံးသူ ၅၂၄ ဦး ရှိသွားပြီဖြစ်ကြောင်း ပြည်နယ်သဘာဝဘေးအန္တရာယ်စီမံခန့်ခွဲရေး ဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အိန္ဒိယမိုးလေဝသဌာနက အပူချိန်မှာ ဆက်လက်မြင့်တက်နေဦးမည်ဟု ခန့်မှန်းထားပြီး စာမျက်နှာ ၈ ကော်လံ ၆ သို့ ❖



